# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၄၈)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် အရှေ့-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏အနောက်ဘက် ရေမိုင် ၅၁၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့(Visakhapatnam)၏တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၃၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၃ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာတစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ■




# အစိုးရရုံးပိတ်ရက်နှင့်အများပြည်သူ အလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်တစ်စပ်တည်း ပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန် သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့်နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ အောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်းရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်(စနေနေ့)၊ ၂၉ ရက်(တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တို့ကြားရှိ ၂၀၂၄ ခုနှစ်၊ **ဒီဇင်ဘာလ ၃၁ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

စာမျက်နှာ ၁၂ ကော်လံ ၁ ⮺

## ယနေ့ဖတ်စရာ

**ဆောင်းပါး**

**ကျွန်းရိပ်ညိုညို ရာပြည့်စိုက်ပျိုးရေး တက္ကသိုလ်နှင့် ယနေ့လူငယ်**

စာ - ၁၃ သို့

**ရောင်စုံပုံ့သင်းစာပန်းခင်း**

(၃၈)ဖြာ မင်္ဂလာ

**လူတော်လူကောင်း လာခဲ့ပါ**

(ပူဇာစ ပူဇနေယျာနံ)

စာ - ၁၁ သို့

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ စာမျက်နှာ ၂၅ တွင် ဖော်ပြပါရှိပါသည်။




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်)

## ပျော်ပျော်ရွှင်ရွှင်နှင့်အောင်မြင်ပြီးမြောက်သည့်ပွဲတော်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ ပွဲတော်ဖွင့်ပွဲအခမ်းအနားနှင့် ပွဲတော်အောင်မြင်စွာပြီးမြောက်သည့် ပိတ်ပွဲအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီးဖြစ်သည်။ အားကစားများ အုပ်စုလိုက်စတင်ယှဉ်ပြိုင်ခြင်းကို ဒီဇင်ဘာလ ၂ ရက်နေ့မှစတင်ခဲ့ပြီး ဒီဇင်ဘာလ ၁၀ ရက်မှစတင်၍ ယှဉ်ပြိုင်ပြီးသမျှသော ပြိုင်ပွဲများအတွက် ဆုများကိုချီးမြှင့်ပေးခဲ့ကြသည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက် ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ခမ်းနားထည်ဝါစွာနှင့်အနုစ်သာရရှိစွာ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားမစတင်မီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အမျိုးသားဘောလုံးအသင်းက ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနားတွင် ထူးခြားသောအစီအစဉ်အဖြစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် ‘‘ရိုးရာအမွေ လက်ဆင့်ကမ်း အတာသင်္ကြန်တစ်ခေတ်ဆန်း’’ သီဆိုသရုပ်ပြတင်ဆက်ခြင်းအစီအစဉ်ကိုလည်း ပါဝင်ပြသထားသည်။ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ဆုံစည်းမှုသည် သာမန်ဆုံစည်းမှုမဟုတ်ပေ။ သန့်ရှင်းမွန်မြတ်သည့် အားကစားစိတ်ဓာတ်ကိုအခြေခံပြီး တရားမျှတသည့် ယှဉ်ပြိုင်မှုများဖြင့် ရင်းနှီးချစ်ကြည်စွာဆုံစည်းခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် အားကစားပြိုင်ပွဲသက်သက် ကျင်းပခြင်းထက်ပိုသည့် အမျိုးသားလှုပ်ရှားမှု၊ အမျိုးသားအားမာန်တို့ကို ထုတ်ဖော်ပြသသည့်ပွဲတော်၊ စည်းလုံးညီညွတ်မှုနှင့်စွမ်းအားများ ဝင့်ကြွားခံ့ထည်မှုကိုပြသနိုင်ခဲ့သည့် ပွဲတော်ကြီးဖြစ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၀ ရက်ကကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **‘‘အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်ကြကြောင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှအလေးထား အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အနိုင်ရရှိသည့်အခါ၌ မိမိနိုင်ငံ၏အလံနှင့် နိုင်ငံတော်သီချင်းလွှင့်တင်ပြီး နိုင်ငံတကာအလယ်တွင်ဂုဏ်ပြုခံရခြင်းထက် ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ်ကောင်းသည်မှာမရှိပါကြောင်း၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နေခြင်း ဖြစ်ကြောင်း၊ မြန်မာဟူသည့်စိတ်ကိုနိုးထစေပြီး နိုင်ငံကိုကာကွယ်နေခြင်းပင်ဖြစ်ကြောင်း’’** ထည့်သွင်းပြောကြားခဲ့သည်။

ကျင်းပပြီးစီးခဲ့သည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးတွင် အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးစုစုပေါင်း ၁၀၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အားကစားနည်း(၆)မျိုး၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် အားကစားနည်း(၂၃)မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်းလေးမျိုး သတ်မှတ်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခုပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသူ အားကစားမောင်မယ်များအနေဖြင့် လေ့ကျင့်သားပြည့်ဝမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွဲ့လုံ့လရှိမှု၊ စည်းကမ်းလိုက်နာမှု၊ စာရိတ္တကောင်းမွန်မှု၊ အပြန်အလှန်နားလည်မှု၊ နွေးထွေးသည့်ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းသည့် အမြင်ချင်းဖလှယ်မှုများဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်သူများ ဖြစ်လာပေလိမ့်မည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဦးဆောင်နေစဉ်အတွင်း နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီးကို ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ကြိုးပမ်းပေးလျက်ရှိသည်။ ထိုသို့ကြိုးပမ်းလျက်ရှိရာတွင် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကျင်းပခြင်းမှာ လူမှုရေးကဏ္ဍတွင်ပါဝင်သည့် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများကလည်း အားကစားပြိုင်ပွဲကြီးတွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဝန်ထမ်းများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများကလည်း အပြုံးကိုယ်စီနှင့်ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ယခုကဲ့သို့ အားကစားပွဲတော်များ ကျင်းပပေးခြင်းဖြင့် မြန်မာ့အားကစားသည် အဆင့်အတန်းမီမီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြိုင်ပွဲကြီးမှစနစ်တကျရွေးချယ်ထားသည့် အားကစားသမားများအား (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် ပဏာမလက်ရွေးစင်လေ့ကျင့်ရေးစခန်းတွင် စခန်းသွင်းလေ့ကျင့်ပေးမည်ဖြစ်သည်။ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပပြီးစီးခြင်းမှာ နိုင်ငံတော်နှင့်ပြည်သူများအတွက် အလွန်ဂုဏ်ယူဖွယ်ကောင်းပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ ‘‘စုပေါင်းအား’’ ဖြင့် ဆောင်ရွက်ရေး။

၅။ ‘‘ရှေ့သို့ချီမည် ပန်းတိုင်ဆီ’’ ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## မင်းကင်းမြို့နယ်၌ မတ်ပဲသီးနှံ ၁၁၅၆ ဧက စိုက်ပျိုးပြီးစီး

မင်းကင်း ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲသီးနှံ ၁၁၅၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် မတ်ပဲသီးနှံဧက ၂၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ဒီဇင်ဘာလ ၂၁ ရက်အထိ ၁၁၅၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မင်းကင်းမြို့နယ်၌ မတ်ပဲသီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးရန်လျာထားရာ ယနေ့အထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း၊ မတ်ပဲသီးနှံစိုက်ပျိုးမှုအနေဖြင့် လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မတ်ပဲစိုက်ပျိုးချိန်တွင်လည်း လိုအပ်သောနည်းပညာ၊ မျိုး၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောသည်။

ယခုနှစ် မင်းကင်းမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(၄၀၉)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တနင်္သာရီတိုင်းဒေသကြီးသို့ ယခုနှစ် ၁၁ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ရှစ်သိန်းခွဲခန့်ဝင်ရောက်ခဲ့



ထားဝယ် ဒီဇင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီးသို့ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည်ရှစ်သိန်းခွဲခန့် ဝင်ရောက်ခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ထားဝယ်ရုံးခွဲမှ သိရသည်။

ခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရန် ကော့သောင်းခရိုင်၌ ပင်လယ်ပြင်ခရီးစဉ်များကို နေ့ချင်းပြန်ခရီးစဉ်နှင့် ရက်ရှည်ခရီးစဉ်ဟူ၍ ဝန်ဆောင်မှုပေးလျက်ရှိရာ ခရီးစဉ်နှစ်မျိုးစလုံး သွားလာမှုများပြားကာ မြိတ်ခရိုင်၌ နေ့ချင်းပြန်ခရီးစဉ်များကို ပိုမိုသွားရောက်ကြကြောင်း သိရသည်။

"ဒီနှစ် ၁၁ လတာကာလအတွင်း ခရီးသွားဧည့်သည် ရှစ်သိန်းခွဲခန့် ဝင်ရောက်ခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တစ်ခုမှာ ပင်လယ်ပြင်ခရီးစဉ်ငါးနေရာလောက် သွားလို့ရပါတယ်။ ဒါ့ပြင် မြို့ပေါ်လည်ပတ်တဲ့ခရီးစဉ်တွေကိုလည်း သွားရောက်ကြပါတယ်။ ဒီဒေသတွေမှာတော့ ပင်လယ်ပြင်ခရီးစဉ်ကို သွားရောက်ကြတာများတဲ့အတွက် ဧည့်လမ်းညွှန်တွေကိုလည်း Marine Tourism နဲ့ပတ်သက်ပြီးတော့ သင်ကြားပို့ချပေးထားတာများပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ထားဝယ်ရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက ပြောသည်။

ထိုသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်း လုပ်ကိုင်ဆောင်ရွက်ကြသော ဧည့်လမ်းညွှန်များကို Marine Tourism အပြင် တခြားခရီးစဉ်များနှင့်ပတ်သက်ပြီး သင်ကြားပို့ချပေးရာတွင် အခြေခံဧည့်လမ်းညွှန်သင်တန်းများအပြင် ၂၀၂၂ ခုနှစ်နောက်ပိုင်းမှစ၍ ဧည့်လမ်းညွှန်မွမ်းမံသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ရ ဟိုတယ် ၆၄ လုံးရှိပြီး လက်ရှိတွင် ဟိုတယ် ၄၅ လုံးဖွင့်လှစ်ထားကြောင်း သိရသည်။ **ဆောင်းဦး**

# ပြည်ပသို့ ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပုစွန်မက်ထရစ်တန် ၅၀၀၀ ကျော်တင်ပို့နိုင်

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလကုန်အထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၅၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပြည်ပကို ပုစွန်တင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၅၂၉၈ ဒသမ ၅၅၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၇၁ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၄၃၃၅ ဒသမ ၆၅၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၆၃ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၉၆၂ ဒသမ ၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၂၈ သန်းရရှိသည့်အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှုစုစုပေါင်း မက်ထရစ်တန် ၅၂၉၈ ဒသမ ၅၅၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၇၁ သန်းရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှ တစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ရာ ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပသို့ စုစုပေါင်းရေထွက်ကုန် မက်ထရစ်တန် ၃၄၈၅၃၆ ဒသမ ၃၉၉ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၅၁ ဒသမ ၁၈၁ သန်းရရှိထားကြောင်း သိရသည်။ **စောယု**

# မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ငရုတ်ပွများ အရောင်းအဝယ်ကောင်းမွန်နေ



မအူပင် ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ငရုတ်ပွများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အိဖြိုး၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ငရုတ်ပွများ ဒီဇင်ဘာလဒုတိယပတ်မှ လက်ရှိအချိန်ထိ အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် ပိဿာ ၁၅၀ ကျော်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရှမ်းပြည်နယ်ကနေ မအူပင်မြို့နယ်ကို ငရုတ်ပွတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ လက်ရှိ တစ်နေ့တာရောင်းအားအနေနဲ့ ပိဿာ ၁၅၀ နဲ့အထက်မှာပဲရှိနေပါတယ်" ဟု ဒေါ်အိဖြိုးကပြောသည်။

မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ငရုတ်ပွအပြင် လက်ဖက်ခြောက်၊ ကြက်သွန်နီ၊ အာလူး၊ ကြက်သွန်ဖြူ၊ ချင်း စသည်တို့ကို တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါငရုတ်ပွများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ငရုတ်ပွစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**



# မှော်ဘီမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် ကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာရှိ ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို အဆိုပါကျေးရွာရှိ သင်တန်းကျောင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်ရှိသံဃာတော် ၁၃၈ ပါးနှင့် ဒေသခံပြည်သူ ၄၁ ဦးတို့ကို အဆိုပါရပ်ကွက်ရှိပတ္တမြားကျောင်းတိုက်၌လည်းကောင်း လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲ စာအောင်သံဃာတော်များအား ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၆) ကြိမ်မြောက် စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲ စာအောင်သံဃာတော်များအား ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာလျှောက်မေးပွဲကို နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၆ ရက်အထိ စေတီတော်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ကျင်းပခဲ့ရာ သီးခြားစာချတန်း၌ ၄၁ ပါး၊ သီးခြားစာသင်တန်း၌ ၂၀၁ ပါး စုစုပေါင်း ၂၄၂ ပါး စာရင်းပေးသွင်းဖြေဆိုခဲ့ကြပြီး သီးခြားစာချတန်းမှ သုံးကျမ်းအပြီးအောင်ငါးပါး၊ နှစ်ကျမ်းအောင်ငါးပါး၊ တစ်ကျမ်းအောင်သုံးပါးနှင့် သီးခြားစာသင်တန်းမှ ရှစ်ပါးအောင်မြင်တော်မူခဲ့ကြသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သည် စေတီတော်မြတ်ကြီးနှင့် ထေရဝါဒဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့စေရန်ရည်သန်လျက် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သာသနာတော်သုံးရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့်ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို (၆၇)ကြိမ်မြောက်မှ စတင်ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သည် စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲများကျင်းပ၍ သာသနဝံ့အာဇာနည်အရှင်သူမြတ်များအား ပူဇော်ချီးမြှောက်လျက်ရှိရာ ယခင်နှစ် (၁၀၅)ကြိမ်မြောက် စာလျှောက်မေးပွဲ၏ သီးခြားစာချတန်းတွင် လေးပါး၊ သီးခြားစာသင်တန်းတွင်ရှစ်ပါး ဖြေဆိုအောင်မြင်တော်မူခဲ့ကြပြီး ဘွဲ့တံဆိပ်နှင့်အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့ကြသည်၊ ထို့အတူ ယခု(၁၀၆)ကြိမ်မြောက် စာလျှောက်မေးပွဲတွင် အောင်မြင်တော်မူသည့် သီးခြားစာချတန်း၌ သုံးကျမ်းလုံးအပြီးအောင် အရှင်သူမြတ်ငါးပါးနှင့် သီးခြားစာသင်တန်းအောင် အရှင်သူမြတ်ရှစ်ပါးတို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

ဝန်းရံခ

# မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ်(၁၈)မြို့နယ်တို့ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၁၀ | ၃၂၂၅ | ၃၁၉၀ | ၃၁၂၅ | ၃၂၃၀ | ၃၂၄၅ | ၃၂၆၅ | ၃၁၈၀ | ၄၅၀၅ | ၃၄၇၅ | ၃၂၀၀ | ၃၂၀၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၅၅ | ၃၅၁၅ | ၃၉၅၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၅၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၈၅ | ၄၅၆၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၁၅ | ၂၇၈၀ | ၂၈၀၀ | ၃၀၆၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၉၀ | ၃၄၀၅ | ၃၃၇၀ | ၃၃၀၅ | ၃၄၁၀ | ၃၄၂၅ | ၃၄၄၀ | ၃၃၆၀ | ၄၈၃၀ | ၃၆၅၅ | ၃၃၇၅ | ၃၃၈၀ | ၃၄၅၀ | ၃၄၁၅ | ၃၄၃၅ | ၃၆၉၀ | - |
| HSD (10 ppm) | ၃၂၉၀ | ၃၄၀၅ | ၃၃၇၀ | ၃၃၀၅ | ၃၄၁၀ | ၃၄၂၅ | ၃၄၄၀ | ၃၃၆၀ | - | ၃၆၅၅ | ၃၃၇၅ | ၃၃၈၀ | ၃၄၅၀ | ၃၄၁၅ | ၃၄၃၅ | ၃၆၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၃၈ | ၃၀၃၁ |
| 95 Ron | ၃၀၄၆ | ၃၁၄၀ |
| HSD (500 ppm) | ၂၄၈၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၁၁ | ၃၂၀၃ |
| HSD (10 ppm) | ၃၁၁၁ | ၃၂၀၃ |

**မှတ်ချက်။**
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈°C | / | ၃၁°C |
| ရန်ကုန် | ၂၀°C | / | ၃၁°C |
| မန္တလေး | ၂၀°C | / | ၃၁°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပွင့်ဖြူမြို့နယ်တွင် ကလေးအလုပ်သမား ပပျောက်ရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ပွင့်ဖြူ ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး ဒီဇင်ဘာလ ၂၀ ရက်က မြို့နယ်လူထုအခြေပြု ဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေးစကားဝိုင်းဆွေးနွေးပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်) နှင့် ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်သည့်ဥပဒေ၊ နည်းဥပဒေများ၊ ကလေးငယ်များ၏ အနာဂတ်ဘဝဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရမည့်လုပ်ငန်းတာဝန်များ၊ ကလေးငယ်များ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ၊ ပညာသင်ယူခွင့်ဆိုင်ရာ အခွင့်အလမ်းများ၊ ကလေးငယ်များ ဘဝလုံခြုံစေရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက မြို့နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေးနှင့် ကလေးငယ်များဘဝဘက်စုံဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအကြောင်းကို ဝိုင်းဝန်းဆွေးနွေးကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် စာပေဝါသနာရှင်များတက်ရောက်ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ကျုံဒိုးမြို့၌ အခြေခံပညာအလယ်တန်း/မူလတန်းအဆင့် သင်ကြားသင်ယူမှုထိရောက်ရေး ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ

ကော့ကရိတ် ဒီဇင်ဘာ ၂၁




၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာမူလတန်းအဆင့် သင်ကြားသင်ယူမှုထိရောက်ရေး ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၁ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကော့ကရိတ်ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျုံဒိုးမြို့အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးခွန်အောင်မျိုးဆွေက ဆရာ၊ ဆရာမများ သင်ကြားမှုနည်းစနစ်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်စွမ်းဆောင်ရည်မြင့်မားလာစေရေးနှင့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး ရည်ရွယ်၍ ဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲတွင် မူလတန်းအဆင့် Grade–5 ၊ Grade – 9 သင်တန်းနည်းပြဆရာမ ၅၀ ဦးက ကျုံဒိုးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အခြေခံပညာအလယ်တန်း၊ အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမ ၅၈၈ ဦး၊ ကော့ကရိတ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ အခြေခံပညာအလယ်တန်း၊ အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမ ၂၃၁ ဦးတို့အား သင်ရိုးညွှန်းတမ်းအတိုင်း ဒီဇင်ဘာလ ၂၁ ရက်မှ ၂၄ ရက်အထိ ဆွေးနွေးပို့ချလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# ပင်လောင်းမြို့နယ် မြောက်ထီဗွာကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပင်လောင်း ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် မြောက်ထီဗွာကျေးရွာအုပ်စု မြောက်ထီဗွာကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာလ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ မြောက်ထီဗွာကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အရှည်ပေ ၉၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြောက်ထီဗွာကျေးရွာ၌ အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းကို VDP ခွင့်ပြုငွေ ငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေ ငွေကျပ် ၄ ဒသမ ၃၆၈ သိန်း အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလနီးပါးအတွင်း YBS ယာဉ်မတော်တဆမှုပေါင်း အကြိမ် ၇၀ ဖြစ်ပွားခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၁၅ ရက်အထိ ရန်ကုန်မြို့၌ ပြေးဆွဲနေသည့် YBS ယာဉ်မတော်တဆမှုပေါင်း အကြိမ် ၇၀ ဖြစ်ပွားခဲ့ပြီး ၃၆ ဦးသေဆုံးကာ ၁၃၆ ဦး ဒဏ်ရာရရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၁၅ ရက်အထိ ယာဉ်မတော်တဆမှုများမှာ ဇန်နဝါရီလတွင် ရှစ်ကြိမ်၊ ဖေဖော်ဝါရီလတွင် ငါးကြိမ်၊ မတ်လတွင် ၁၀ ကြိမ်၊ ဧပြီလတွင် လေးကြိမ်၊ မေလတွင် ခုနစ်ကြိမ်၊ ဇွန်လတွင် ငါးကြိမ်၊ ဇူလိုင်လတွင် ကိုးကြိမ်၊ ဩဂုတ်လတွင် ခြောက်ကြိမ်၊ စက်တင်ဘာလတွင် လေးကြိမ်၊ အောက်တိုဘာလတွင် သုံးကြိမ်၊ နိုဝင်ဘာလတွင် နှစ်ကြိမ်၊ ဒီဇင်ဘာလတွင် ခုနစ်ကြိမ် စုစုပေါင်းအကြိမ် ၇၀ ရှိခဲ့ပြီး ယင်းဖြစ်စဉ်များ၌ သေဆုံး၊ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ယာဉ်မတော်တဆမှုများမှာ လမ်းဖြတ်ကူးသူအားတိုက်မိခြင်း၊ ယာဉ်ပေါ်မှပြုတ်ကျခြင်း၊ စက်ဘီးစီးနင်းသူအားတိုက်မိခြင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူနှင့်တိုက်မိခြင်း၊ ဘေးတွဲဆိုင်ကယ်စီးနင်းသူနှင့်တိုက်မိခြင်း၊ အငှားယာဉ်နှင့်တိုက်မိခြင်း၊ ကိုယ်ပိုင်ယာဉ်ငယ်နှင့်တိုက်မိခြင်း၊ ကုန်တင်ယာဉ်နှင့်တိုက်မိခြင်း၊ YBS ယာဉ်အချင်းချင်းတိုက်မိခြင်း၊ ခေတ်တိုင်အား တိုက်မိခြင်းနှင့် ယာဉ်တိမ်းမှောက်ခြင်းတို့ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း YBS ယာဉ်များ၏ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးဒဏ်ရာရရှိမှု အများဆုံးကာလမှာ ဇူလိုင်လအတွင်းဖြစ်ပြီး ယင်းလတွင် ယာဉ်မတော်တဆမှု ကိုးကြိမ်ဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ပြီး ၃၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# ဒီဇင်ဘာအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂၁

ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်ကောင်စီမှ ဦးဆောင်၍ ယနေ့နံနက် ၅ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပသည်။



လူထုစုပေါင်း လမ်းလျှောက်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူလူထုများနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဥပ္ပါတသန္တိစေတီတော်အနီးရှိတပေါင်းကွင်း မှစတင်၍ ဥပ္ပါတသန္တိ စေတီတော် ပတ်လမ်း တစ်လျှောက်လက်ယာရစ်ပတ်စုပေါင်းလမ်း လျှောက်၍ တပေါင်းကွင်းအတွင်း ပြန်လည်ဝင်ရောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်း လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ပဲခူးမြို့၌ ဒီဇင်ဘာအားကစားလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ


ပဲခူး ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ဒီဇင်ဘာအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဥပဒေချုပ်တို့ တက်ရောက်သည်။

အဆိုပါဒီဇင်ဘာလ လူထုစုပေါင်း လမ်းလျှောက်ပွဲကို တိုင်းရင်းသားရေးရာဝန်ကြီးဦးစောလင်းအောင်က သေနတ်ပစ်ဖောက်၍ဖွင့်လှစ်ပေးပြီး သယံဇာတရေးရာဝန်ကြီးဦးတင်သိန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်၊ ဥပဒေချုပ်ဦးခင်မောင်တင့်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပဲခူးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ ပဲခူးမြို့ အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပဲခူးမြို့ သားဖွားသင်တန်းကျောင်းမှတာဝန်ခံ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ၊ သင်တန်းသူများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းပြီး ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့မှစတင်၍ ရန်ကုန် -မန္တလေး ကားလမ်းအတိုင်း ကျောက်တွင်းကုန်းလမ်းဆုံမှ ရှင်စောပုလမ်း၊ ရွှေမော်ဓောဘုရားလမ်း၊ ဟံသာလမ်းမှ ဟံသာဝတီယူနိုက်တက် ဘောလုံးအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ဟံသာဝတီယူနိုက်တက်ဘောလုံးအားကစားကွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအား စုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်းသိရသည်။

ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲအား အပတ်စဉ်စနေနေ့တိုင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိခရိုင်နှင့်မြို့နယ်အသီးသီးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)



# ဗဟုသုတရရှိရေးစာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

ကလိန်အောင် ဒီဇင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာပေချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များဖြင့် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)ရေးသားထားသော "အောင်မြင်ခြင်းရဲ့ အုတ်မြစ်"စာအုပ်ဖြင့် ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ကလိန်အောင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်ခင်ခင်လှဲ့က စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာပေချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များက အဆိုပါစာအုပ်ကိုဖတ်ရှုလေ့လာပြီး စာဖတ်ဝိုင်းတက်ရောက်လာကြသူများနှင့် အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါစာဖတ်ဝိုင်းကျင်းပရခြင်းမှာ အမှားအမှန်ကိုဝေဖန်ပိုင်းခြားတတ်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ၊ စာအုပ်စာပေများကိုဖတ်ရှုလေ့လာပြီး စာပေမှရရှိသော အသိပညာဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၄၁၂)

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယ (၁၀) ရက်ပတ် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၆၆)ဒီဂရီဖာရင်ဟိုက်မှ (၇၆)ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၇၇)ဒီဂရီဖာရင်ဟိုက်မှ (၈၆)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၈၇)ဒီဂရီဖာရင်ဟိုက်မှ (၉၆)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် (၃၃)ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၄၄)ဒီဂရီဖာရင်ဟိုက်မှ (၅၄)ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် (၅၅)ဒီဂရီဖာရင်ဟိုက်မှ (၆၄)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆၅)ဒီဂရီဖာရင်ဟိုက်မှ (၇၄)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၂ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၁၈ မီလီမီတာမှ ၂၇ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၈ မီလီမီတာ မှ ၃၇ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# သွေးချိုဆီးချိုရောဂါကြောင့် အာရုံကြောအားနည်းခြင်းအကြောင်းသိကောင်းစရာ

မျက်မှောက်ခေတ်တွင် သွေးချိုဆီးချိုရောဂါရှိသူ ဦးရေတိုးပွားလာသည်နှင့်အတူ သွေးချိုဆီးချိုရောဂါ၏နောက်ဆက်တွဲပြဿနာတစ်ခုဖြစ်သော အာရုံကြောအားနည်းခြင်းလက္ခဏာများကို တွေ့ရှိလာရသည်။ သွေးချိုဆီးချိုရောဂါရှိသူများ၏အာရုံကြောအားနည်းရောဂါများနှင့်ပတ်သက်သည့် စူးစမ်းလေ့လာမှုမှတ်တမ်းများအရ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိသူများ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ၎င်းတို့၏သက်တမ်းတစ်လျှောက်တွင် အာရုံကြောအားနည်းရောဂါလက္ခဏာများကို ခံစားရနိုင်ပါသည်။ အမျိုးအစား-၁ သွေးချိုဆီးချိုရောဂါရှိသူများ၏ ၂၀ ရာခိုင်နှုန်းသည် နှစ်ပေါင်း ၂၀ ကြာလျှင် အာရုံကြောအားနည်းရောဂါလက္ခဏာများခံစားရနိုင်ပြီး အကြိုသွေးချိုရောဂါနှင့် ဇီဝဖြစ်စဉ်ရောဂါလက္ခဏာစု (Metabolic Syndrome) ရှိသူများ၏ ၁၀-၃၀ ရာခိုင်နှုန်းတို့တွင်လည်း တွေ့နိုင်ပါသည်။ သို့သော် မကြာသေးမီက နိုင်ငံပေါင်းစုံလေ့လာမှုတစ်ခုတွင် လူနာများ၏ ၅၀ ရာခိုင်နှုန်းသည်သာ အာရုံကြောအားနည်းရောဂါအတည်ပြုမှုကိုရရှိခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် အာရုံကြောအားနည်းရောဂါသည် ရှာဖွေတွေ့ရှိမှုနည်းပါးပြီး ကာကွယ်ကုသမှုနောက်ကျနေတတ်သည်။

သွေးချိုဆီးချိုရောဂါရှိသူတချို့တွင် သွေးတွင်းသကြားဓာတ်ပမာဏကို စနစ်တကျထိန်းချုပ်နိုင်ခြင်း မရှိလျှင် အာရုံကြောများပျက်စီးသဖြင့် ဦးနှောက်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကြားတွင် သတင်းအချက်အလက်များကို သယ်ဆောင်ပေးသည့်အာရုံကြောများ ပျက်စီးနိုင်ပါသည်။ အာရုံကြောများပျက်စီးမှုကြောင့် ဦးနှောက်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ အဆက်အသွယ်ပြတ်တောက်စေပြီး ကြွက်သားများလှုပ်ရှားမှု၊ ခြေလက်များ၏ပုံမှန်အာရုံခံနိုင်မှုကို ပျက်စီးစေပြီး နာကျင်မှုနှင့်ထုံကျဉ်မှုများကို ဖြစ်စေပါသည်။ အာရုံကြောအားနည်းခြင်းသည် ခန္ဓာကိုယ်ရှိ အာရုံကြောတစ်ချောင်းထဲတွင်ဖြစ်နိုင်သကဲ့သို့ အာရုံကြောအများအပြားတွင်လည်း ဖြစ်နိုင်ပါသည်။ သွေးချိုဆီးချိုရောဂါကြောင့် အာရုံကြောအားနည်းသူအများစုမှာ ခန္ဓာကိုယ်နေရာအနှံ့ရှိ အာရုံကြောအများအပြားတွင် အားနည်းသည်ကို တွေ့ရပါသည်။ အာရုံကြောအားနည်းလျှင် မြင်မှု၊ ကြားမှု၊ ခံစားရမှုနှင့် လှုပ်ရှားမှုတို့အားနည်းခြင်းကြောင့် ထိခိုက်ဒဏ်ရာဖြစ်စေနိုင်သည်။

**အာရုံကြောအားနည်းခြင်းလက္ခဏာများ**

ခြေဖဝါး၊ လက်ဖဝါးများထုံကျဉ်ခြင်း၊ ပူသလို အေးသလိုခံစားရခြင်း၊ စူးစူးရှရှနာကျင်ခြင်း၊ ကြွက်သားများအားနည်းခြင်း၊ ထိုင်ရာမှမတ်တတ်ရပ်ရန် အခက်အခဲများရှိခြင်း၊ ဟန်ချက်မထိန်းနိုင်ဘဲ ချော်လဲခြင်း၊ ခြေလက်မလှုပ်နိုင်ခြင်းနှင့် တစ်ခါတစ်ရံခြေလက်များတွင် မခံမရပ်နိုင်အောင်နာကျင်၍ အိပ်မရခြင်းတို့ကို ခံစားရတတ်ပါသည်။ အလိုအလျောက်ထိန်းချုပ်နိုင်သော အာရုံကြောများအားနည်းခြင်းကြောင့် သွေးပေါင်ချိန်အပြောင်းအလဲဖြစ်ခြင်း၊ ထိုင်ရာမှမတ်တတ်ရပ်လျှင် မူးဝေခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ ရင်တလှပ်လှပ်တုန်ခြင်း၊ အစာမကြေဖြစ်ခြင်း၊ အပူဒဏ်မခံနိုင်ခြင်း၊ အစာစားနေစဉ် ချွေးထွက်ခြင်း၊ ဆီးဝမ်းများမထိန်းချုပ်နိုင်ခြင်းတို့ကို ခံစားရတတ်ပါသည်။ ထုံကျဉ်ခြင်းနှင့်ခံစားရမှုအားနည်းခြင်းတို့ကိုဖြစ်ပေါ်စေပြီး နောက်ဆုံးတွင် ဆီးချိုခြေထောက်အနာများ၊ ခြေဖဝါးအနာနှင့် ခြေလက်ဖြတ်တောက်ရခြင်းတို့ကို တွေ့ကြုံရနိုင်သည်။ နောက်ပိုင်းတွင် အာရုံခံစားမှုဆုံးရှုံးခြင်းနှင့် ကြွက်သားများအားနည်းခြင်းကြောင့် လှုပ်ရှားမှုပြုလုပ်စဉ် ဟန်ချက်ပျက်ခြင်း၊ ပြုတ်ကျခြင်း၊ ချော်လဲခြင်း၊ ခြေလက်ကျိုးသွားခြင်းနှင့် နေ့စဉ်လုပ်ငန်းဆောင်တာများကို အနှောင့်အယှက်ဖြစ်စေသည်။ လူနာများသည် နာကျင်ခြင်း၊ ခြေလက်များဆုံးရှုံးခြင်း၊ မသန်စွမ်းမှု၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု၊ ကျန်းမာရေးနှင့်ဆက်နွှယ်သော ဘဝအရည်အသွေးများကျဆင်းလာမှုကြောင့် မိသားစုတွင် ကြီးမားသောဝန်ထုပ်ဝန်ပိုးများကိုဖြစ်စေသည်။

သွေးချိုဆီးချိုရောဂါရှိသူများတွင် ရောဂါသက်တမ်းကြာလာသည်နှင့်အမျှ အာရုံကြောအားနည်းခြင်းလက္ခဏာများကိုခံစားရတတ်ပြီး မနက်ခင်းအစာမစားမီစစ်သော သွေးတွင်းသကြားဓာတ် (FBS) နှင့် သွေးနီဥရှိသုံးလပျမ်းမျှသကြားဓာတ်ပမာဏ (HbA1c) ကို စနစ်တကျမထိန်းချုပ်နိုင်ခြင်းသည် အဓိကအန္တရာယ်ရှိသောအချက်များဖြစ်သည်။ အရက်သောက်ခြင်း၊ ဗီတာမင် B1၊ B6၊ B12၊ ဗီတာမင်D နှင့် မဂ္ဂနီဆီယမ်ချို့တဲ့ခြင်း၊ အာဟာရမပြည့်ဝခြင်း၊ ဖျားနာခြင်းတို့ကြောင့် ပိုဆိုးစေနိုင်သည်။ မကြာသေးမီက လက်တွေ့သုတေသနများအရ သွေးချိုဆီးချိုရောဂါနှင့်မကြာခဏတွဲလျက်ရှိသော အဝလွန်ခြင်း၊ သွေးထဲတွင် ကိုလက်စထရောများခြင်း၊ ကျောက်ကပ်ရောဂါ၊ သိုင်းရွိုက်ရောဂါနှင့် သွေးတိုးရောဂါတို့သည်လည်း အာရုံကြောအားနည်းခြင်းကို ပိုဆိုးစေကြောင်း တွေ့ရသည်။

**အာရုံကြောအားနည်းရောဂါကိုစစ်ဆေးခြင်း**

ပုံမှန်အားဖြင့် ရောဂါလက္ခဏာစတင်ပြသချိန်တွင် စစ်ဆေးမှုကို စောစီးစွာလုပ်ဆောင်သင့်ပါသည်။ အမေရိကန်ဆီးချိုရောဂါအသင်းမှ အကြံပြုထားသည်မှာ ငါးနှစ်နှင့်အထက်ကြာသော အမျိုးအစား-၁ သွေးချိုဆီးချိုရောဂါရှိသူများနှင့် အမျိုးအစား -၂ သွေးချိုဆီးချိုရောဂါရှိသူများအားလုံးကို အာရုံကြောအားနည်းရောဂါအတွက် နှစ်စဉ်စစ်ဆေးသင့်သည်ဟု အကြံပြုထားသည်။

**ကုသမှုနည်းလမ်းများ**

အာရုံကြောအားနည်းခြင်းကိုကုသသည့် ဆေးဝါးများအပြင် နာကျင်မှုဝေဒနာကို သက်သာစေသောသောက်ဆေး၊ လိမ်းဆေးများဖြင့်ကုသရန် လိုအပ်ပါသည်။ နာကျင်သောလက္ခဏာများသည် နှစ်အနည်းငယ်ကြာဆက်လက်ရှိနေနိုင်သဖြင့် သက်သာစေသောအာရုံကြောဆေးဝါးကုထုံးများကို လပေါင်းများစွာသောက်ပြီးနောက် လက္ခဏာများသက်သာလာလျှင် တဖြည်းဖြည်းလျှော့ချသောက်ရန် အကြံပြုထားသည်။ အာရုံကြောအားနည်းခြင်းကို ပိုမိုဆိုးရွားလာစေနိုင်သော ဗီတာမင် B1၊ B6၊ B12၊ ဗီတာမင် D နှင့် မဂ္ဂနီဆီယမ်ချို့တဲ့နေသူများတွင် ဖြည့်စွက်စာသောက်သုံးသင့်ပါသည်။

**ရောဂါကြိုတင်ကာကွယ်ခြင်း**

သွေးတွင်းသကြားဓာတ်ပမာဏကို စနစ်တကျထိန်းချုပ်နိုင်ခြင်းဖြင့် အာရုံကြောအားနည်းရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်သည်။ သုတေသနများအရ အမျိုးအစား - ၁ သွေးချိုဆီးချိုရောဂါရှိသူများတွင် ၇၈ ရာခိုင်နှုန်းလျှော့ချနိုင်ပြီး အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိသူများတွင် ဖြစ်ပွားနိုင်ခြေကို ၅ - ၉ ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်းနှင့် ရောဂါလက္ခဏာများ ဆိုးဝါးလာမှုကို နှေးကွေးစေကြောင်း တွေ့ရသည်။ အကြိုသွေးချိုရောဂါရှိသူများတွင် ဖြစ်ပွားမှုနည်းပါးသော်လည်း ခြေဖဝါး၊ လက်ဖဝါးများတွင်ဖြစ်သော အာရုံကြောလက္ခဏာများသည် အကြိုသွေးချိုမှ အမျိုးအစား- ၂ သွေးချိုဆီးချိုရောဂါသို့ ကူးပြောင်းချိန်တွင် ပိုမိုပြင်းထန်လာနိုင်ကြောင်း သိရသည်။ ထို့ကြောင့် သွေးတွင်းသကြားဓာတ်ပမာဏကို ပုံမှန်ဖြစ်စေရန် စနစ်တကျထိန်းချုပ်ခြင်းသည် အဓိကကုသမှုဖြစ်သည်။ ထို့ပြင် သွေးတွင်းကိုလက်စထရောနှင့် သွေးပေါင်ချိန်ပုံမှန်ဖြစ်စေရန် ကုသမှုများသည် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိသူများတွင် အာရုံကြောအားနည်းရောဂါလက္ခဏာများ၏ ဆိုးဝါးလာမှုကို ကာကွယ်လျှော့ချနိုင်သည်။

ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုပုံစံများဖြစ်သော ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်း၊ အထိုင်များသောအပြုအမူကိုလျှော့ချခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များကို မျှတစွာရွေးချယ်စားသောက်ခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်း၍ အဝမလွန်ရန်တားဆီးခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ခြင်း စသည့်နည်းလမ်းများဖြင့် သွေးချိုဆီးချိုရောဂါများကြောင့်ဖြစ်သော အာရုံကြောအားနည်းခြင်းလက္ခဏာများကို ကြိုတင်ကာကွယ်နိုင်ကြောင်း ကျန်းမာရေးသုတအဖြစ် မျှဝေပေးလိုက်ရပါသည်။

**"သွေးချိုဆီးချိုရောဂါရှိသူများတွင် ရောဂါသက်တမ်းကြာလာသည်နှင့်အမျှ အာရုံကြောအားနည်းခြင်းလက္ခဏာများကို ခံစားရတတ်ပြီး မနက်ခင်းအစာမစားမီစစ်သော သွေးတွင်းသကြားဓာတ် (FBS) နှင့် သွေးနီဥရှိ သုံးလပျမ်းမျှ သကြားဓာတ်ပမာဏ (HbA1c) ကို စနစ်တကျမထိန်းချုပ်နိုင်ခြင်းသည် အဓိကအန္တရာယ်ရှိသောအချက်များဖြစ်သည်။ အရက်သောက်ခြင်း၊ ဗီတာမင် B1၊ B6၊ B12၊ ဗီတာမင် D နှင့် မဂ္ဂနီဆီယမ်ချို့တဲ့ခြင်း၊ အာဟာရမပြည့်ဝခြင်း၊ ဖျားနာခြင်းတို့ကြောင့် ပိုဆိုးစေနိုင်သည် . . ."**

ဒေါက်တာသိင်္ဂီကျော်

## မိုးနဲမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကျင်းပ

မိုးနဲ ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဒီဇင်ဘာလ ၂၀ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Grade-12 ကျောင်းသား၊ ကျောင်းသူများဖြစ်သော မဖြိုးဝတ်မှုံက လူငယ်နှင့်ကျန်းမာရေး၊ မနန်းအိန္ဒြာခင်က လူငယ်နှင့်ပညာရေး၊ မောင်ကျော်နိုင်ဝင်းက လူငယ်နှင့်မူးယစ်ဆေး၊ မောင်အောင်သက်ပိုင်ဖြိုးက လူငယ်နှင့်အားကစား၊ မောင်ရန်နိုင်ထွေးက လူငယ်နှင့်စာဖတ်ရိန်မြှင့်တင်ရေးခေါင်းစဉ်တို့ဖြင့် အသီးသီးပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးပေးကြသည်။

အဆိုပါစကားဝိုင်းသို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး စကားဝိုင်းတွင် ဆွေးနွေးပေးကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)



# ကျောက်ဆည်မြို့နယ်၌ စံပြနေကြာစိုက်ခင်း စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေအား ကွင်းဆင်းကြည့်ရှု



**ကျောက်ဆည် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနမှ ဒေသအတွင်း စားသုံးဆီဖူလုံပို့လျှံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ဒွေးလှကျေးရွာ၌ ရေဆင်းမျိုး(၁) စံပြနေကြာစိုက်ခင်း စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေအား ဒီဇင်ဘာလ ၂၀ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက သမဝါယမအသင်းလီမိတက်အသင်းသား ဦးနေဝင်း၏ကွင်းအမှတ်(၃၃၇)တွင် စိုက်ပျိုးထားသော ဆောင်းဆီထွက်သီးနှံဖြစ်သည့် ရေဆင်းမျိုး(၁)နေကြာစံပြစိုက်ကေ နှစ်ကေနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ စိုက်ပျိုးသည့် ရေဆင်းမျိုး(၁)နေကြာ စံပြစိုက်ကေ လေးကေတို့အား ကွင်းဆင်းကြည့်ရှုကြပြီး ဆီထွက်သီးနှံစိုက်တောင်သူများက စိုက်ခင်းတွင်စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ လူမှုစီးပွားအဆင်ပြေစေရေး ရေဆင်းမျိုး(၁)များကို မြို့နယ်အတွင်းရှိ ကျေးရွာ ၃၉ ရွာတွင် နေကြာ စိုက်ကေ ၅၀၂၆ ကေစိုက်ပျိုးထားကြောင်းနှင့် စိုက်ပျိုးရာတွင် စားသုံးဆီဖူလုံရေးအတွက် ဆီပိုမိုထွက်ရှိသော အထွက်တိုးမျိုးဖြစ်သည့် ရေဆင်းမျိုး(၁)နေကြာမျိုးများအား ကေ ၁၀၀၀ အတွက် မြို့နယ်သမဝါယမအသင်းစုလီမိတက်မှဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ နေကြာစိုက်ခင်းများတွင် အသုံးပြုနိုင်ရန် ရုပ်ရှင်သဘာဝရွက်ဖျန်းမြေဩဇာများကိုလည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရသည်။ **စုစုအေး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးဦးညွန့်ဇော်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဒသမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား ၁၉၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၆ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားကြောင်းသိရသည်။ **ဘိုဘို**

# အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်လှစ်

**ချောင်းဆုံ ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင်ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



သင်တန်းတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်မျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အခြေခံစာကြည့်တိုက်ပညာသင်တန်းကိုပို့ချသည်။

အဆိုပါသင်တန်းကို ဆရာ၊ဆရာမများနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူလေးဦးတို့က သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်ကာ သင်တန်းသား၊ သင်တန်းသူ ၁၉ ဦးတို့ကို ဒီဇင်ဘာလ ၂၁ ရက်နှင့် ၂၂ရက်တို့တွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဦးကျော်ကျော်အောင်**

## စာကောင်းပေမွန် ဖတ်စေချင်

* အများယောင်လို့ အမောင် ယောင်"ဝါး"
ရေလိုက်မှားကာ၊ သွားလိုရာ"တောင်"
အများယောင်နောက်၊ မြောက်ကို ရောက်က
မှောက်မှောက်မှားမှား သွေဖည်သွား၏။

* သူပြောငါပြော၊ အထင်တောက
ကောလာဟလ၊ ဖြန့်ဝေကြကာ
"ငါသာ ဓမ္မ၊ ငါမှ အမှန်"
တစ်ယူသန်ငြား၊ တွက်ချင့်မှားက
ဓမ္မနဲ့လွဲ လွန်ဆင်းရဲ၏။

* "ဟိုလူပြောလျှင်၊ အဟုတ်ထင်၍..."
"သည်လူပြောလျှင်၊ အဟုတ် ထင်၍..."
ပုတ်သင် အလား၊ နှုတ်ဖျားလမ်းဆုံး
မောဟဖုံးက၊ အဆုံးဘဝ
သုံးမကျပါ ဝမ်းနည်းစရာတည့်။

* သည်လိုနွံနစ်၊ မကျွံရစ်အောင်
တွက်စစ်ရှောင်ရှား၊ နောင်မမှားဖို့
ဆောင်ထားပြုကြ၊ ဝီရိယနဲ့
သုတပညာ၊ အစဉ်ရှာဖွေ
စာပေမပြတ်၊ လေ့လာအပ်၏။

* ဩော်...
စာပေဓလေ့၊ မောင်ပျော်မွေ့၍
နေ့ညမပြတ်၊ ချိန်တိုင်းဖတ်က
သုတပညာ၊ ဓမ္မာမြတ်နိုး
ဆင်ခြင်တိုးရ၊ ဘဝထိုထို
အလုပိုကြ၊ တိကျခိုင်မာ
တတ်သိရာကြောင်း၊ အကျင့်ကောင်းမို့
စာကောင်းပေမွန် ဖတ်စေချင်
အသိဉာဏ်ယှဉ်အောင်ပွဲဝင်။ ။

**အကျော်ပင်**

## သဇင်(FM)အသံလွှင့်အစီအစဉ် ၂၂-၁၂-၂၀၂၄(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ | ၃။ ၁၃:၃၀ | Music Crazy |
| | | ၄။ ၁၄:၅၅ | Sporty Zone |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ | ၅။ ၁၈:၂၀ | Relaxing Moment |
| | | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# ပွင့်ဖြူမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်း

ပွင့်ဖြူ ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြု၍ တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းပြီး တောင်သူများ နေ့စဉ်မိသားစုဝင်ငွေရရှိလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာမှ ဒေသခံတောင်သူများ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများသည် စိုက်ပျိုးရေအဆင်ပြေသည့်အတွက် တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံးစီးပွားဖြစ်လုပ်ကိုင်ကြပြီး သီးနှံများစိုက်ပျိုးရာတွင် တောင်သူအများစုသည် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းအစား သီးနှံဝင်ငွေပိုမိုရရှိရေးအတွက် သီးထပ်၊ သီးညှပ်အဖြစ် ရောနှောစိုက်ပျိုးမှုများ ပိုမိုလုပ်ကိုင်လာကြကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဘူး၊ ဖရုံ၊ သခွား၊ ကြက်ဟင်းခါး၊ မုန်ညင်းစိမ်း၊ ကိုက်လန်၊ မုန်လာဥဖြူ၊ ကန်စွန်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ပန်းမုန်လာ၊ ဂေါ်ဖီ၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည်တို့ကို အဓိကစိုက်ပျိုးပြီး စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးကြခြင်းဖြစ်သည်။ လက်ရှိတွင်သီးနှံများ တစ်ရက်ခြားတစ်ကြိမ် လှိုင်လှိုင်ခူးဆွတ်ရောင်းချနေရ၍ စိုက်ပျိုးသူများ မိသားစုဝင်ငွေရရှိပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။


ပွင့်ဖြူမြို့နယ်သရက်အုပ်ကျေးရွာအုပ်စုအတွင်းရှိ သရက်အုပ်ကျေးရွာအပါအဝင် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံတောင်သူများသည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး မြို့နယ်စိုက်ပျိုးရေး



ဦးစီးဌာနမှ ဝန်ထမ်းများက ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ရန် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းပညာများ အသိပညာပေးခြင်း၊ ပိုးမွှားရောဂါကင်းရှင်းရေးအတွက် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းများ သင်ကြားပေးခြင်း စသည့်တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် စာစီစာကုံး ကဗျာ ပန်းချီ ပြိုင်ပွဲများကျင်းပ



မြစ်သား ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများကို ဒီဇင်ဘာလ ၂၀ ရက်က အဆိုပါကျောင်း ဗန္ဓုလဆောင်၌ ကျင်းပကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ပြုံးကြည်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်၍ မြစ်သားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးက စာစီစာကုံး၊ ကဗျာ နှင့် ပန်းချီပြိုင်ပွဲများတွင် လွတ်လပ်ရေးနှင့်ပတ်သက်သည့်ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲများကျင်းပရာသို့ မြို့နယ်ပညာရေးမှူး ဒေါ်ပြုံးကြည်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

# မန္တလေးပဲဈေးကွက်အတွင်း ပေါ်ဦးပေါ်ဖျား ပဲလွမ်းဖြူများ အရောင်းအဝယ်သွက်နေ

မန္တလေး ဒီဇင်ဘာ ၂၁

မန္တလေးပဲဈေးကွက်အတွင်း မြန်မာနိုင်ငံ အထက်အညာဒေသမှ စိုက်ပျိုးထွက်ရှိသော ပေါ်ဦးပေါ်ဖျား ပဲလွမ်းဖြူများ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲ နှမ်းကုန်သည်များ၏ပြောကြားချက်အရ သိရသည်။

လက်ရှိ မန္တလေးဈေးကွက်သို့ သပိတ်ကျင်း၊ မတ္တရာ၊ စဉ့်ကူး၊ တကောင်းနှင့် ထီးချိုင့် စသည့်အထက်အညာဒေသများမှ ပဲလွမ်းဖြူများ စတင်ဝင်ရောက်နေပြီး ကျောက်ဆည်မြို့နယ်မှလည်း ဝင်ရောက်လျက်ရှိသည်။ ပဲလွမ်းဖြူသည် နှစ်စဉ် နတ်တော်လတွင် စပေါ်လေ့ရှိသောကြောင့် အထက်အညာဒေသ၌ နတ်တော်ပဲဟုလည်းခေါ်ကြကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပမှ ဝယ်လိုအားများကြောင့် မန္တလေးပဲဈေးကွက်အတွင်း ပဲလွမ်းဖြူများ ဈေးရရှိနေကြောင်း သိရသည်။

"ပဲလွမ်းဖြူက ပြီးခဲ့တဲ့နှစ်ကထက် ဒီနှစ်မှာ ပိုပြီး ဈေးရရှိနေပါတယ်။ အခုထွက်ရှိလာတဲ့ ပဲလွမ်းဖြူတွေက အရည်အသွေးကောင်းပြီး အလုံးလည်းလှတဲ့အတွက် ရောင်းပန်းသာပါတယ်" ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ပဲလွမ်းဖြူများကို ပြည်တွင်း၌ စားသုံးကြသော်လည်း အများအားဖြင့် ပြည်တွင်းမှထွက်ရှိသော ပဲလွမ်းဖြူ ၉၀ ရာခိုင်နှုန်းခန့်ကို အိန္ဒိယ၊ တရုတ်၊ ဂျပန်နှင့် ဥရောပနိုင်ငံတို့သို့ တင်ပို့နေရသည့်အတွက် နိုင်ငံခြားဝင်ငွေရရှိသော ပဲတစ်မျိုးဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ပဲလွမ်းဖြူကို ဧရာဝတီမြစ်ကမ်းနှင့် ချင်းတွင်းမြစ်ကမ်းအနီး မြစ်ရေဝင်ရောက်သောအရပ်ဒေသများရှိ မြေနုကျွန်းများပေါ်၌ မြစ်ရေကျချိန်ဖြစ်သော တော်သလင်းလနှင့် သီတင်းကျွတ်လများတွင် စိုက်ပျိုးကြကြောင်း၊ ပဲလွမ်းဖြူကို ကျောက်ဆည်၊ မတ္တရာ၊ စဉ့်ကူး၊ ဝမ်းတွင်း၊ သဲတော၊ မုံရွာ၊ ပခုက္ကူ၊ စလင်းနှင့် ဆင်ဖြူကျွန်း စသည့်မြို့နယ်များ၌ အများဆုံးစိုက်ပျိုးကြပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဟင်္သာတ၊ ဇလွန်၊ ခရမ်း၊ သုံးခွ စသည့်မြို့နယ်များ၌လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း သိရသည်။

**ဆောင်းဦး**

# မြိတ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

မြိတ် ဒီဇင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို ဒီဇင်ဘာလ ၂၀ ရက်က မြိတ်မြို့နယ် သဘွတ်ကျေးရွာအုပ်စု ဝန်မယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး၊ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သဘွတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနေစိုးနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။ (၄၁၂)

(၃၈) ဖြာမင်္ဂလာ

## လူတော်လူကောင်း လာခဲ့ပါ (ပူဇာစ ပူဇနေယျာနံ)




ဒီနေ့ရွာထဲမှာ လူစည်ကားနေသည်။ မြို့ကရောက်လာသော ဧည့်သည်များကို ကြိုဆိုသည့် အဖွဲ့ရှိသလို ကျေးရွာရုံး အတွင်းအပြင် သန့်ရှင်းရေး လုပ်နေသူများလည်းရှိသည်။

"ဒီနေ့ရွာမှာ လူစည်နေသလိုပဲနော်"မောင်လတ် အမေးကို"အေး ငါတို့ရွာအတွက် လူကြီးရွေးပွဲရှိတယ် လို့ အဖေနဲ့အမေပြောတာ ငါကြားခဲ့တယ်"ဟု စိုးသူက ပြန်ပြောလိုက်သည်။

ကျောင်းပိတ်ရက်မို့ စိုးသူတို့ ကလေးတစ်သိုက်မှာလည်း ခြေခင်းလက်ခင်းသာသည့်နေရာ၌ ဆော့ကစားလျက်ရှိကြသည်။

"ဆေးဆရာကြီးနဲ့ ဦးတောကျော်တို့ လူကြီးရွေးပွဲ ပြိုင်ကြမှာတဲ့ကွ"တင့်လွင်က ဂျင်ပေါက်ရင်းနှင့် သူကြားခဲ့ရသမျှကို ပြောပြသည်။

"ဦးတောကျော်က အမူးသမားကြီးပဲ"ဝင်းမြင့်က ဂျင်ကို လက်ကတော့ထိုးရင်း ပြန်ဖြေလိုက်သည်။

"အဲ့ဒါလူကြီးတွေကိစ္စပါကွာ၊ ဂျင်ပေါက်မှာသာ ပေါက်စမ်းပါ"မောင်လတ်က စည်းဝိုင်းဝိုင်းရင်း အားလုံးကို ပြောလိုက်သည်။

"လူကြီးတွေကိစ္စဆိုပေမယ့် တို့ကျောင်းမှာအသင်းခေါင်းဆောင်ရွေးသလိုပေါ့ကွာ၊ ဆရာကြီးပြောခဲ့တာလေ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ မပူဇော်ထိုက်သူကို မပူဇော်ခြင်းဖြစ်ရမယ်ဆိုတာ" တိုးလေးက ဂျင်ကိုသွေးရင်း ဝင်ပြောလိုက်သည်။

ထိုနေ့က ဂျင်ပေါက်လိုက်၊ လူကြီးတွေ ရွာသူကြီးရွေးပွဲလုပ်နေခြင်းကို ငြင်းခုံလိုက်နှင့် စိုးသူတို့ အချိန်ကုန်ခဲ့ကြသည်။

စိုးသူအိမ်ပြန်ရောက်တော့ အိမ်ရှေ့ကွပ်ပျစ်မှာ ဖေဖေနှင့်ရွာလူကြီးသုံးလေးဦးတို့ စကားထိုင်ပြောနေကြသည်။

"ဆေးဆရာကို ရပ်ရွာက ချီးမြှောက်အားပေး ထောက်ပံ့ကြမှ ရွာတွင်းမှာ မကျန်းမမာကင်းရှင်းပြီး ကျေးရွာရဲ့ စီးပွားချမ်းသာရေးကို ဆောင်ရွက်နိုင်တော့မှာပေါ့။"

ရွာလူကြီး ဦးမြ၏စကားသံကို စိုးသူကြားလိုက်ရသည်။ ရွာလူကြီး ဦးလှကလည်း "ရပ်ရွာရဲ့ကောင်းရာကောင်းကြောင်းကို အကြံဉာဏ်ပေးနိုင်သူ၊ နည်းကောင်း၊ နိဿယကောင်းတွေကို ကြံစည်ညွှန်ပြနိုင်တဲ့သူကိုရွေးမှ ပူဇော်ချီးမြှောက်မှ တို့ရွာမှာ အကြောင်းရှိရင် ဘေးအန္တရာယ်လွတ်ကင်းအောင်၊ ချမ်းသာအောင် ပြုလုပ်နိုင်မှာပေါ့ကွ"ဟု ဝင်ပြောပြန်သည်။

စိုးသူက လူကြီးတွေစကားဝိုင်းနားမှာ ဝင်ထိုင်လိုက်သည်။ ရွာလူကြီးရွေးပွဲသည် တိုးလေးပြောသလိုပင် သူတို့ကျောင်းမှ အသင်းခေါင်းဆောင်ရွေးပွဲနှင့် ဆင်တူသလိုရှိသည်ဟု စိုးသူတွေးနေမိသည်။ ဒီစကားမျိုးကို သူတို့ကျောင်းအုပ်ဆရာကြီးကလည်း ပြောဖူးသည်။ နားထဲမှာ ဆရာကြီး၏အသံကို ပြန်ကြားယောင်လာသည်။

"ကျေးဇူးရှင်ရတနာသုံးပါးနဲ့ ဆရာသမားမိဘတွေ၊ ကိုယ်ကျင့်သီလ စာရိတ္တဗလနဲ့ ပြည့်စုံသူတွေ၊ ကိုယ်ကျင့်တရားနဲ့ ကိုယ်တိုင်ပြည့်စုံပြီး သတ္တဝါအများကိုလည်း ချမ်းသာစေနိုင်တဲ့ ထူးချွန်တဲ့ပညာရှိသူတွေဟာ ပူဇော်ထိုက်၊ ချီးမြှောက်ထိုက်၊ ရွေးကောက်ထိုက်တဲ့ပုဂ္ဂိုလ်တွေပဲ"

စိုးသူလည်း အတွေးမှတစ်ဖန် လူကြီးများ၏ စကားသံဆီသို့ ရောက်သွားပြန်သည်။

"သမိုင်းမှာလည်းရှိတယ်မဟုတ်လား၊ ရှင်အရဟံကိုအနော်ရထာမင်းက ပူဇော်ခဲ့လို့ ပုဂံမှာ ဗုဒ္ဓသာသနာ ထွန်းကားခဲ့တယ်လေ"ဦးလှက သက်သေစကားကို ဆိုပါသည်။

ဦးမြက"ပူဇော်ထိုက်သူကို ပူဇော်ရမယ်၊ မပူဇော် ထိုက်သူကို မပူဇော်ရဘူးတဲ့၊ ဒါမှ ကောင်းကျိုးချမ်းသာကိုရမှာလေ၊ ပူဇော်ထိုက်သူကိုမပူဇော်၊ မပူဇော် ထိုက်သူကိုပူဇော်ရင် နစ်မွန်းပျက်စီးတတ်တယ်။ ကျုပ်တို့ရွာက ပူဇော်ထိုက်သူရှိလို့ ပူဇော်ကြတယ်၊ ပူဇော်သူရှိတဲ့ရွာမို့လို့လည်း အပူဇော်ခံထိုက်သူရှိနေတာ မဟုတ်လား"ဟု စကားကို လက်စသတ်လိုက်ပါသည်။

စိုးသူ လူကြီးတွေစကားဝိုင်းမှ ထလိုက်သည်။ သူတို့မင်းတန်းရွာကလေးတွင် ချီးမြှောက်ထိုက်သူကို ရွေးကောက်တင်မြှောက်ကြမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့ရွာကလေးသည် ပညာရှိသူတော်ကောင်းတို့၏ဩဝါဒကို မြတ်နိုးတတ်သောကြောင့်ဖြစ်သည်ဟု စိုးသူနားလည်မိသောကြောင့်ပင်ဖြစ်ပါတော့သည်။

ကိုဇော်ဌေး(ယဉ်ကျေးမှု)

---

လူမှုဓလေ့ ဒေသရိုးရာ

## ပုလောမြို့နှင့် လူကျားပွဲ

**မြန်မာ** နိုင်ငံအတွင်း မြို့နယ် ၃၃၀ တွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးတိုင်းတွင် ရိုးရာဓလေ့ထုံးတမ်းများရှိကြသည်။ထိုဓလေ့များကို ကာလကြာရှည်စွာကျင်းပလာခဲ့သည့် မြို့နယ်များတွင် ယင်းထုံးတမ်းများသည် မြို့နယ်နှင့်ယှဉ်တွဲကာ ထင်ရှားလာခဲ့သည်။ ယင်းတို့အနက် ပုလောမြို့နယ်တွင် နှစ်စဉ်ကျင်းပသည့် လူကျားပွဲသည် ထူးခြားသော ဓလေ့တစ်ခုဖြစ်သည်။

ပုလောမြို့၌ နှစ်စဉ်သင်္ကြန်မတိုင်မီ ရက်သတ္တပတ်တစ်ပတ်မှစတင်ကာ သင်္ကြန်အကြိုရက်အထိ ကျင်းပလေ့ရှိသည့် ရိုးရာကပွဲတစ်ခုဖြစ်သည့် လူကျားပွဲသည် မြိတ်မြို့မှလွဲ၍ မြန်မာနိုင်ငံ မည်သည့်မြို့တွင်မှ မရှိသည့် ထူးခြားသောပွဲတစ်ခုဖြစ်သည်။။

ပုလောမြို့နယ်သည် မြန်မာနိုင်ငံတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်း၌ တည်ရှိသည်။ ရှေးအခါက ပုလောမြို့တည်နေရာသည် ကျွန်းတစ်ကျွန်းဖြစ်ခဲ့ဟန်ရှိကာ ပသျှူးဘာသာစကားဖြင့် ပုလိုဟုခေါ်ဆိုခဲ့ကြရာမှ ကာလရှည်ကြာလာချိန်တွင် ပုလောဟု ပြောင်းလဲအမည်တွင်ခဲ့သည်။

ပုလောမြို့သည် ထားဝယ်-မြိတ် မော်တော်ကားလမ်းမပေါ်တွင်တည်ရှိပြီး မြိတ်မြို့မှ မြောက်ဘက်သို့ ၅၅ မိုင်ကွာဝေးသည်။ ဒေသသုံး ဒေသိယစကားသည် ထားဝယ်ဒေသိယစကားနှင့် မြိတ်ဒေသိယစကားရောယှက်နေသဖြင့် ပုလောသားတစ်ယောက် ထားဝယ်ရောက်လျှင် ဘိတ်(မြိတ်)သားလားဟု အမေးခံရလေ့ရှိကာ မြိတ်သို့ရောက်လျှင် ထားဝယ်သားလားဟု အမေးခံရတတ်သည်။

လွန်ခဲ့သည့်နှစ်များစွာက မြိတ်သို့ကုန်စည်ကူးသန်းရန် ရောက်ရှိလာသည့် အာရေဗျတိုင်းသားများ ကခဲ့ကြသည့်ပွဲအဆက်အနွယ်များထံမှ ကျားကပွဲဓလေ့ကို မြိတ်မြို့ရှိ မြန်မာကျားကသူများ ဆက်ခံခဲ့သည်။ ပုလောကျားကပွဲသည် မြိတ်မြို့၌ ဘုရင်ဂျီဘာသာဝင် အိန္ဒိယနွယ်ဖွားများကသည့်ပွဲနှင့် တူညီသည်။

၁၉၂၁ ခုနှစ်တွင် ပုလောရဲဌာနမှ ဌာနအုပ် ဦးကြာပိန်သည် ပုလောဒေသခံ ဦးအောင်ငွေနှင့် ဦးချီတို့ ပါဝင်သည့် ပုလောလူကျားပွဲကိုစတင်ခဲ့သည်။ ထိုအချိန်မှစ၍ ပုလောမြို့၌ လူကျားပွဲကို နှစ်စဉ်ကျင်းပခဲ့ရာမှ ပုလောမြို့၏ ထူးခြားသော ဓလေ့တစ်ခု ဖြစ်လာခဲ့သည်။




လူကျားအဖွဲ့တွင် အလှပြကျားများ၊ ကျားမုဆိုး (ကပ္ပလီမောင်ရိုး)၊ ကျားမြီးဆွဲ၊ ကျားဖမ်း၊ လောပန်ခွက်ကိုင်နှင့် ဗုံတီးသူများပါဝင်သည်။

အလှပြကျားများအဖြစ် သရုပ်ဆောင်သူများကို ခန္ဓာကိုယ်ပေါ်တွင် ကျားတစ်ကောင်နှင့် တူစေရန် အဝါ၊ အနီ၊ အနက်ရောင်များဖြင့် ဆေးခြယ်ပြီး ကျားနားရွက်နှစ်ခုပုံပါသည့် ခေါင်းစွပ်ကိုဝတ်ပေးကာ မျက်မှန်တပ်ပေးထားသည်။ လုံချည်တစ်ထည်ကို ခါးတွင် စည်းထားရသည်။ ထိုခါးစည်းထဲတွင် နိုင်လွန်ကြိုးတစ်ချောင်းကို ထည့်သွင်းထားသည်။ ကျားကသူ၏ရင်ဘတ်တွင် ကျားအစင်းများကို ဆေးရောင်သုတ်လိမ်းထားသကဲ့သို့ ကျားခေါင်းပုံကို ရေးဆွဲထားခြင်းများလည်းရှိသည်။

ကျားမုဆိုး(ကပ္ပလီမောင်ရိုး)သည် ကျားကပွဲ၏ ဟာသသရုပ်ဆောင်ဖြစ်သည်။ ရယ်ရွှင်ဖွယ်ဖြစ်အောင် ခေတ်ပုံစံဖြစ်စေ၊ သင့်လျော်သကဲ့သို့ဖြစ်စေ ဝတ်ဆင်သည်။

ကျားမြီးဆွဲသည် ကျားများကို ထိန်းညှိသူဖြစ်၍ ကျားအမြီးကိုဆွဲလိုက်လျှင် ကျားများသည် ခေါင်းကို အောက်သို့စိုက်ပြီး သရုပ်ဆောင်ကြခြင်းကို မူနီစီးသည်ဟုခေါ်သည်။

ဗုံတီးအဖွဲ့တွင် ဗုံတိုသုံးလုံး သို့မဟုတ် လေးလုံး၊ သံပုံးနှင့် မောင်းတို့ပါဝင်၍ ဗုံရှည်ကို တီးလိုက်သည်နှင့် ကျားပွဲက အသက်ဝင်လှုပ်ရှားလာကာ ကျားမုဆိုးနှင့် အလှပြကျားများက ဗုံသံနှင့်အညီ ကပြသရုပ်ဆောင်ကြသည်။ ကျားများသည် ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လမ်းလျှောက်လျက်ဖြစ်စေ ကပြကြသည်။

ပွဲကြည့်ပရိသတ်များလာချိန်တွင် ဗုံတီးသမားများက မြိုင်မြိုင်ဆိုင်ဆိုင်တီးကြသည်နှင့် အလှပြကျားများသည် ကျားစိတ်ဝင်ကာ မူနီစီးကြသည်။ ထိုအချိန်တွင် ကျားမြီးဆွဲက မူနီစီးနေသည့် ကျား၏ ခါးစည်းအတွင်းမှ နိုင်လွန်ကြိုးကိုကိုင်ကာ ထိန်းပေးပြီး မထားရသည်။ လောပန်ခွက်ကိုင်က မူနီစီးနေသည့် ကျားကို အနံ့ရှူစေကာ ကျားစိတ်ပျောက်အောင်လုပ်ပေးကြသည်။ မူနီစီးသောကျား (ကျားစိတ်ဝင်ပြီး ကပြနေသည့် ကျား)ကို ကျားထီးဟုခေါ်ကာ မူနီမစီးသောကျားကို ကျားမဟုခေါ်သည်။ ဤသို့ဖြင့် ပုလောမြို့တစ်မြို့လုံးတွင် လူကျားအဖွဲ့က လှည့်လည် ကပြကြသည်။

ကျားကသူများသည် ညာလက်ကိုမြှောက်ပြီး ဘယ်လက်ဖြင့်ခါးထောက်ကာ ခြေ၊ လက်၊ ခေါင်း၊ ခါးတို့ကို ဟန်ချက်ညီညီလှုပ်ရှားကာ ကပြခြင်းသည်ပင် လူကျားကပွဲဖြစ်ပေသည်။

ကျားမုဆိုးများက သစ်သားနှင့်ပြုလုပ်ထားသည့် ဓား၊ ဒူးလေး၊ သေနတ် စသည်တို့ကိုကိုင်ကာ ကျားများကိုချောင်းနေသည့်ဟန် လှုပ်ရှားကာ သရုပ်ဖော်ကြသည်။ ကျားမုဆိုး (ကပ္ပလီမောင်ရိုး)က မုဆိုးအသွင် ဝတ်စားထားတတ်ကြသည်။ တစ်ခါတစ်ရံ၌ ကျားကပွဲ၏ လူရွှင်တော်နှင့် တူနေတတ်သည်။

လူကျားကသူများသည် ကနေရာမှ အရှိန်ရလာလျှင် စိတ်အားတက်ကြွကာ ခန္ဓာကိုယ်က တုန်လာယိမ်းယိုင်လာတတ်ကြသည်။

ထိုအချိန်တွင်ကျားမြီးဆွဲက ကျား၏ခါးစည်းကို တင်းတင်းကိုင်ပြီး ခါးကိုဖက်ထားကာ ထိန်းပေးရသည်။ ကျားက ဝေါင်းဟုအော်ကာ ခေါင်းကိုအောက်ဘက်သို့စိုက်ကာ တွေ့မိတွေ့ရာကို ကိုက်သည့်ဟန်သည် မူနီစီးခြင်းဖြစ်သည်။

ဗုံသံက မြိုင်ဆိုင်ကျယ်လောင်လာလျှင် ကျားကသူများက ပိုမိုမာန်ပါလာလေ့ရှိသည်။ နောက်ဆုံးတွင် ကျားကသူများကိုဖမ်းချုပ်ကာ ကပွဲကို အဆုံးသတ်လိုက်ကြသည်။

လူကျားအကကို ပုလောမြို့ရှိလူငယ်လူရွယ်များက ကပြခဲ့ကာ မျိုးဆက်တစ်ခုမှတစ်ခုသို့ အမွေခံကာ ထိန်းသိမ်းခဲ့ကြသဖြင့် သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်ပါသည်။

လက်ရှိအချိန်တွင် ပုလောမြို့၌ လူကျားကခြင်းသည်ဘုန်းကြီးကျောင်းများဖြစ်သည့်လယ်ဝိုင်းကျောင်း၊ အရှေ့ကျောင်းနှင့် အနောက်ကျောင်းတို့အတွက် အလှူခံထွက်ခြင်းဖြစ်သည်။ လူကျားကပြခြင်းကို ပုလောမြို့၏လမ်းဆုံလမ်းခွများတွင် ပြုလုပ်လေ့ရှိကာ မြို့ခံပရိသတ်အများအပြားက လာရောက်ကြည့်ရှုအားပေးကြသဖြင့် ပွဲတော်ကြီးတမျှ စည်ကားသည့် ဓလေ့တစ်ခု ဖြစ်လာခဲ့ပေသည်။

ကောင်းစည်သူ

❑ ကျောဖုံးမှအဆက်

ဒီဇင်ဘာလ ၁၉ ရက်တွင် ကျင်းပခဲ့သည့် Ying Yang sword form female ပြိုင်ပွဲတွင်မေဟန်နီအောင်လွင်က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ four Element staff form male ပြိုင်ပွဲတွင် တင်ထူးဇော်က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Dual form 3 ပြိုင်ပွဲတွင် အိုက်စိုးလင်းနှင့် တင်ထူးဇော်တို့အတွဲက ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း၊ Ying Yang sword form male ပြိုင်ပွဲတွင် အိုက်စိုးလင်းက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ 1 female defense against 3 male with weapon ပြိုင်ပွဲတွင် အိုက်စိုးလင်း၊ တင်ထူးဇော်၊ ရဲရင့်အောင်နှင့် အိန္ဒြေဖူးတို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။







ဒီဇင်ဘာလ ၂၀ ရက်တွင် ကျင်းပသည့် Cross form female ပြိုင်ပွဲတွင် အိန္ဒြေဖူးက ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း၊ Pair Sword form male ပြိုင်ပွဲတွင် အိုက်စိုးလင်းနှင့် တင်ထူးဇော်တို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ယနေ့ကျင်းပသည့် 50-55kg အတိုက်ပြိုင်ပွဲတွင် ရဲရင့်အောင်က ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း၊ Dual form 3 female ပြိုင်ပွဲတွင် အိန္ဒြေဖူးနှင့် မေဟန်နီအောင်လွင်တို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Five – gate form male ပြိုင်ပွဲတွင် ရဲရင့်အောင်က တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Pair Sword form female ပြိုင်ပွဲတွင် အိန္ဒြေဖူးနှင့် မေဟန်နီအောင်လွင်တို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း ရရှိကြသည်။







အဆိုပါ 5th AVF ASIAN Vovinam Championships 2024 ပြိုင်ပွဲတွင်နိုင်ငံပေါင်း ၁၃ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အုပ်ချုပ်/နည်းပြအဖြစ် ဦးလွှမ်းအောင်နှင့် ဒိုင်လူကြီး သုံးဦး၊ အားကစားသမား အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၃ ခုနှင့် ကြေးတံဆိပ် ၆ ခု စုစုပေါင်းဆုတံဆိပ် ၁၁ ခု ဆွတ်ခူးရရှိကြောင်း သိရသည်။

(သတင်းစဉ်)

🗗 ရှေ့ဖုံးမှအဆက်

(ခ) ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်(တပေါင်းလပြည့်နေ့)၊ ၁၅ ရက်(စနေနေ့)နှင့် ၁၆ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ **မတ်လ ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ရှေ့တစ်ရက်ဖြစ်သည့် မတ်လ ၁၂ ရက်၊** (ရုံးပိတ်ရက် ၅ ရက်)၊

(ဂ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်(စနေနေ့)၊ ၂ ရက် (တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တို့ကြားရှိ **နိုဝင်ဘာလ ၃ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)၊

(ဃ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့) နှင့် ၂၈ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ **ဒီဇင်ဘာလ ၂၆ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)။

အထက်ပါ ပိတ်ရက်ရှည်အဖြစ်သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံးစနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။ ပထမရုံးပိတ်ရက် ၅ ရက်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စနေနေ့သည် အစားထိုးရုံးတက်ရက်ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီလ ၁၁ ရက်(စနေနေ့)၊** ဒုတိယရုံးပိတ်ရက်ရှည်အတွက် **မတ်လ ၂၂ ရက်(စနေနေ့) နှင့် မတ်လ ၂၉ ရက်(စနေနေ့)၊** တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာလ ၈ ရက် (စနေနေ့)၊** စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်(စနေနေ့)** တို့ကို အစားထိုးရုံးတက်ရက်များအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း သိရှိရသည်။

## ထူးခြားသည့်ညအပူချိန်များ

၂၁-၁၂-၂၀၂၄

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ပြင်ဦးလွင် | ၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝဥကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိ ဝဥစိုက်တောင်သူများအဆင်ပြေ

မြိတ် ဒီဇင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝဥကို စီးပွားဖြစ်စိုက်ပျိုးကြကာ ယခုနှစ်တွင် ဝဥဝယ်ယူသူများပြားပြီး ဈေးကောင်းပိုမိုရရှိကြောင်းသိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင်ရေလုပ်ငန်းနှင့်နှစ်ရှည်သီးနှံပင်များဖြစ်သည့် ရော်ဘာ၊ ကွမ်းသီးများကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုအခါကြားသီးနှံပင်များဖြစ်သည့် ကော်ဖီ၊ ကိုကိုးတို့အပြင် ဝဥများကိုလည်း ယခင်က တစ်နိုင်တစ်ပိုင်စိုက်ပျိုးခဲ့ရာမှ ယခုအခါစီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လာကြသည်။



မြန်မာနိုင်ငံတွင် ဝဥများကိုပြည်တွင်းတွင်စားသုံးသည့်အပြင် ဈေးကွက်အတွင်း၌ဈေးကောင်းရရှိနေသောကြောင့် ပြည်တွင်းဈေးကွက်တွင်းသာမက ပြည်ပဈေးကွက်သို့အခြောက်ခံ(ပါးပါးလှီးအခြောက်ခံ)၊ အမှုန့်ကြိတ်ပြီး(ခေါက်ဆွဲပြုလုပ်ရန်)ဂျပန်၊ ထိုင်း၊ တရုတ်နိုင်ငံတို့သို့လည်းတင်ပို့နေရသည်။

"မေလ၊ ဇွန်လတွေမှာ ဝဥကို စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလမှာ ရိတ်သိမ်းရပါတယ်။ စိုက်ပျိုးတဲ့အခါမှာတော့ ကျင်း၊ ပေါင်၊ အိတ် စတဲ့စနစ်တွေနဲ့စိုက်ပျိုးရပါတယ်။ တစ်လခွဲ၊ နှစ်လခွဲခန့်အကြာမှာ ပေါင်းရှင်းကာ သဘာဝမြေဩဇာများထည့်သွင်းပြီးမြေအုပ်ပေးရပါတယ်။ တစ်ဧကကုန်ကျစရိတ်က ငွေကျပ်သိန်း ၆၀ ခန့်ရှိတယ်။ ပြန်ရောင်းချပြီးရင်တော့ ငွေကျပ်သိန်း ၁၀၀/၁၂၀ ခန့်ရရှိပါတယ်" ဟု ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသော်ဇင်ထွန်းကပြောသည်။

မြန်မာနိုင်ငံတွင် ဝဥကို လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်က ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး ပြည်တွင်းစားကုန်တစ်ခုအနေဖြင့် အများဆုံးစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ဝဥကို ၂၀၂၀ – ၂၀၂၁ ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ပြီး ရေဖြူ၊ ကလိန်အောင်၊ ထားဝယ်၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီမြို့နယ်နှင့် ပလောက်မြို့၊ မောတောင်မြို့တို့အပြင် ဘုတ်ပြင်းမြို့နယ်တို့၌လည်း စီးပွားဖြစ်အများဆုံးစိုက်ပျိုးကြသည်။

ဝဥမှ စားကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် တိရစ္ဆာန်အစာအမျိုးမျိုးတို့ကို ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

# ကျွန်းရိပ်ညိုညို ရာပြည့်စိုက်ပျိုးရေးတက္ကသိုလ်နှင့် ယနေ့လူငယ်

ကိုဝင်းမော်ထွန်း

"စိုက်ပျိုးပညာ ပြည်ရွာဖွံ့ဖြိုး" ဆိုသည့် ဆောင်ပုဒ်လက်ကိုင်ထား၍ စိုက်ပျိုးရေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်ပညာသင်ကြားပေးခဲ့သည်မှာ ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်မှသည် ယခုနှစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် နှစ်တစ်ရာပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။ ယခုခေတ်သည် အိုင်တီ၊ အေအိုင်နည်းပညာခေတ်များဖြစ်သည်နှင့်အညီ မိမိတို့ပညာရည်နို့သောက်စို့ခဲ့ရာ တက္ကသိုလ်၏ပညာရပ်များကိုလည်း ခေတ်အဆက်ဆက်က နည်းပညာများကို ပိုမိုထိရောက်ဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် နည်းပညာပြည့်ဝကျွမ်းကျင်သော စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များမှ ဆက်လက်စွမ်းဆောင်သွားကြရပေမည်။ မြန်မာ့ဆိုစကားဖြစ်သော "ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမလွယ်နှင့်" ဆိုသည်ကို သတိမူကာ စိုက်ပျိုးရေးနည်းပညာအသစ်အသစ်များကို လမ်းရိုးဟောင်းကို ဆင့်ကာထွင်ဆိုသကဲ့သို့ ဆက်၍ တိုးတက်အောင် စွမ်းဆောင်သွားကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ တစ်ခုတည်းသောတက္ကသိုလ်ဖြစ်၍ နေပြည်တော် ရေဆင်းတွင်တည်ရှိပြီး ယခုအချိန်ခါ၌ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော JICA (ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ)၊ KOICA (ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ)၊ ACIAR (ဩစတြေးလျအပြည်ပြည်ဆိုင်ရာတိုးတက်ဖွံ့ဖြိုးရေးဌာန) အဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်၍ တက္ကသိုလ်အစဉ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည်ဟုသိရှိရရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် လွန်စွာအားရဖွယ်ပင်။ ထို့အတူ ပင်စင်ယူပြီးကြသူ ဆရာ၊ ဆရာမအားလုံးသည်လည်း မိမိတို့ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အနာဂတ်သစ်အတွက် ဝမ်းမြောက်ဂုဏ်ယူနေကြမှာ အမှန်ပင်ဖြစ်ပေသည်။ ယင်းအပြင် နိုင်ငံတကာတက္ကသိုလ်အသီးသီးဖြစ်သော ကိုရီးယားမုတ်ပိုတက္ကသိုလ်(Korea Mokpo National University) နှင့် ဂျပန်နိုင်ငံတက္ကသိုလ်များနှင့်အတူ project အသစ်များဖြင့် ထောက်ပံ့ကူညီလုပ်ဆောင်နေကြပေသည်။ အားရကျေနပ်ဖွယ်ပင်။

**❑ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် Yezin Agricultural University မှ မွေးထုတ်ပေးလိုက်သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ယခုလက်ရှိ ပညာသင်ယူနေကြသူ မျိုးဆက်သစ်လူငယ်အများ၏ မျှဝေမှုကြောင့် တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာမြေကို အကျိုးရှိစွာ စိုက်ကြပျိုးကြသည့်လုပ်ငန်းများ တစ်နေ့တခြား ပိုမိုတိုးတက်အောင်မြင် . . .**

စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းရပ်များအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ အခြားနိုင်ငံ စိုက်ပျိုးရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာ တိုးတက်ရေးဆောင်ရွက်လျက်ရှိ၏။ ရာပြည့်တက္ကသိုလ်ဖြစ်လာသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် Yezin Agricu-ltural University မှ မွေးထုတ်ပေးလိုက်သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ယခုလက်ရှိ ပညာသင်ယူနေကြသူ မျိုးဆက်သစ်လူငယ်အများ၏




မျှဝေမှုကြောင့် တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာမြေကို အကျိုးရှိစွာစိုက်ကြပျိုးကြသည့် လုပ်ငန်းများ တစ်နေ့တခြား ပိုမိုတိုးတက်အောင်မြင်ဖို့သာရှိပေတော့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်မှ စီးပွားရေးကဏ္ဍတွင် (က)တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူ၍ပါရှိ၏။ ထိုသည်ကိုကြည့်ခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတို့နှင့် ပညာရှင်များ၏အရေးပါမှုကိုတွေ့ရ၏။ ထို့ပြင် (ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးဟူ၍ ဖော်ပြပါရှိပေသည်။ ထိုအရာအားလုံးကို ဦးတည်ချက်ပြည့်ဝအောင် ဆောင်ရွက်ကြရမည့်သူများ၊ လုပ်ဆောင်နိုင်မည့်အရင်းခံလူ့စွမ်းအားအရင်းအမြစ်များမှာ ကျေးဇူးရှင်တောင်သူဦးကြီးများပင်ဖြစ်ပေသည်။ စိုက်ပျိုးရေးအသိပညာများနှင့် ဆက်စပ်ပံ့ပိုးအကူအညီပေးရမည့်သူများမှာ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အစိုးရသက်ဆိုင်ရာအဖွဲ့များ အသီးသီးတို့ဖြစ်ကြပေသည်။ သို့ဆိုပါလျှင် စိုက်ပျိုးရေးတက္ကသိုလ်မှ နှစ်စဉ်မွေးထုတ်ပေးနေသော စိုက်ပျိုးရေးကျောင်းဆင်းများ၏ အခန်းကဏ္ဍသည် များစွာအရေးပါလာမှာ အသေအချာပင်ဖြစ်ပေတော့သည်။

ကျောင်းတစ်ကျောင်း၊ တက္ကသိုလ်တစ်ခု၏ ပုံရိပ်ဟောင်းဖြစ်စေ၊ ပုံရိပ်သစ်ဖြစ်စေ ထိုတက္ကသိုလ်ရင်ငွေ့ခိုလှုံခဲ့ကြဖူးသူတိုင်း အမှတ်တရသတိရခြင်းရှိကြပေမည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ဆင်သေ၊ ငလိုက်ချောင်းနှင့် ပေါင်းလောင်းမြစ်တို့ သံယောဇဉ်အငွေ့အသက်များစွာကြားမှ မွေးဖွားခဲ့ရပေသည်။ မိတ္ထီလာ၊ ပျဉ်းမနားအဝေးပြေးလမ်းမတစ်ဖက်တွင် ခေတ်နှင့်အညီ လယ်ကွင်းများ၊ ရိုးမတောင်တန်း၏အလှကို လှမ်းမျှော်ရည်ရွယ်ကြည်နူးမှုဖြစ်စေသည့် လမ်းမများ၊ ရေစင်အို၊ သီရေတာ၊ ယခုအခါ တင့်တယ်လှပနေသော ဘွဲ့နှင်းသဘင်ခန်းမ (Convocation Hall) တို့ကို ကျွန်းရိပ်ညို၏ ပွင့်ရနံ့များကြားမှာ မြင်တွေ့နေကြရပြီဖြစ်ပေသည်။ ယခင်ခေတ်ကာလများက ခေတ်ဦးလယ်ယာသမလုပ်ငန်းများရှိခဲ့ပေ၏။ ယခုအခါ စက်စက်ယိုဆည်ရေသောက်လယ်ကွင်းများစွာ၏ စိမ်းစိုလှပခြင်းတို့က တမ်းတသတိရမှုကို ပိုမို၍ခံစားကြရစေပြန်ပြီဖြစ်သည်။ ရေဆင်းဆည်၏ ညနေခင်းများကို လွမ်းဖွယ်ရှိကြ၊ ဖြစ်ကြဦးမှာ အမှန်ပင်ဖြစ်ပေသည်။

နှစ်တစ်ရာတိုင် ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်တန်ဖိုးထားခဲ့ကြရသည့် အမိတက္ကသိုလ်အနာဂတ်သစ်သည် မော်ကွန်းတည်ပေလိမ့်မည်ဖြစ်၏။ "ရာပြည့်မှသည် လှမ်းဆက်ချီ အနာဂတ်သစ်မော်ကွန်းဆီ"ဆိုသည့်အတိုင်း အမိမြန်မာနိုင်ငံတော်၌ စိုက်ပျိုးရေးတက္ကသိုလ်၏ဂုဏ်ရည်ကို အမှတ်တရရှိနေကြရင်း၊ ဆက်လက်၍ မျိုးဆက်သစ်လူငယ်တို့၏ တိုးတက်လာသည့်အိုင်တီနည်းပညာများကို အသုံးချပြီး တောင်သူလယ်သမားဘဝဖွံ့ဖြိုးတိုးတက်ရေးအလေးပေးကူညီသွားနိုင်ကြပေမည်ဖြစ်သည်။

ပြောင်းလဲလာသော ရာသီဥတုနှင့်လျော်ညီစွာ သီးနှံမျိုးသစ်များကို ရှာဖွေစမ်းသပ်သုတေသနပြု စိုက်ပျိုးခြင်းများကိုလည်း ကူညီဆောင်ရွက်ပေးကြရပေမည်။ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အချိန်ကာလ၌ စိုက်ပျိုးရေးလုပ်ငန်းထိခိုက်ပျက်စီးမှုများကိုကုစားနိုင်ရန် အစီအစဉ်များချမှတ်ထားသည့်အတိုင်း ဝိုင်းဝန်းဆောင်ရွက်ကြရပေမည်။ "ဥတုရာသီ တောကိုမှီ" ဆိုသကဲ့သို့ ရာသီဥတုကောင်းစေရန် တောတောင်များ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အတူယှဉ်တွဲလုပ်ဆောင်သွားကြပါမှ ပိုမိုကောင်းမွန်သော ရှေ့အနာဂတ်ခရီးကို ဆက်ပြီးသွားနိုင်ကြပေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရပါမူ ကမ္ဘာကြီး၌ ရှင်သန်နေထိုင်လျက်ရှိကြပါသော လူသားအားလုံး၏ ဘဝတွင် စား၊ ဝတ်၊ နေရေးဆိုသည့် အရာအားလုံးပြည့်စုံနိုင်စေရန် စိုက်ပျိုးရေးအခြေခံပြီး ခေတ်မီလုပ်ငန်းများကို တိုးချဲ့ပြီး လုပ်ဆောင်သွားကြပါလျှင် ပိုမိုပြည့်စုံသော လူသားတို့ကမ္ဘာရောက်ရှိလာနိုင်ပေမည်။ ထို့အတူ စိုက်ပျိုးရေးအခြေခံပြီး လုပ်ကိုင်ကြသည့် အမိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရာပြည့်တက္ကသိုလ်ဖြစ်သည့် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအနေဖြင့် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ စိုက်ပျိုးရေးတက္ကသိုလ်နှစ် (၉၀) ပြည့် မဂ္ဂဇင်းမှ ပါမောက္ခချုပ်၏ဥယျောဇဉ်ပါ ယခုစာလေးကို ထုတ်နုတ်ဖော်ပြရင်း ဤဆောင်းပါးဖြင့် ကျွန်းရိပ်ညို၏ ရာပြည့်တက္ကသိုလ် စိုက်ပျိုးရေးကျောင်းတော်မဟာကို ကြိုဆိုဂုဏ်ပြုလိုက်ရပါတော့သည်။

"ဤသို့သောအခါသမယတွင် ခေတ်မီစိုက်ပျိုးရေးပညာများတတ်မြောက်ပြီး ဘက်စုံထူးချွန်သော မျိုးဆက်သစ် စိုက်ပျိုးရေးဘွဲ့ရများ မွေးထုတ်ပေးရန်မှာ ပိုမိုအရေးကြီးသော တာဝန်တစ်ရပ်ဖြစ်လာသည်။ အသိပညာ၊ အတတ်ပညာများဖွံ့ဖြိုးစေသည့် အပြင် စိတ်ဓာတ်ရင့်ကျက်၍ ခံစားနားလည်တတ်သော လူတော်လူကောင်းများပေါ်ပေါက်လာမှသာ အနာဂတ်နိုင်ငံတော်အတွက် အမှန်တကယ် အားကိုးအားထားပြုနိုင်ပေလိမ့်မည်။"

(ဒေါက်တာမျိုးကြွယ် ပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်) (2014 YAU နှစ် (၉၀) ပြည့် နဝရတ် ရတုအထိမ်းအမှတ် နှစ်လည်မဂ္ဂဇင်းမှ)

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျရောက်သည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်မှသည် နှစ်ထောင်ပေါင်းများစွာ တည်တံ့ပါစေကြောင်း ဆန္ဒပြုပါဝင်ရေးသားလိုက်ရပါသည်။ ။

## ကော့နိုင်ထုံးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး


**ဘားအံ ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်အတွက် ကော့နိုင်ထုံးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ စစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် ခရိုင်/မြို့နယ်တာဝန်ရှိသူများက ကော့နိုင်ထုံးကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က လုပ်ငန်းများအားလုံး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်းဖြင့် ကော့နိုင်ထုံးကျေးရွာ၌ အကျယ် ၄ လက်မခွဲ အနက်ပေ ၂၀၀ စက်ရေတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့်ရေစက်ရုံအောက်ခန်းဖွဲ့ခြင်း၊ ၅၇၅ ဝပ်ဆိုလာရှစ်ချပ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဌာနကော်မတီက မေလ ပထမပတ်က စတင်တာဝန်ယူဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုသက်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်/ကန်များပြုပြင်ဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဒီဇင်ဘာလ ၁၉ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်ရှိ ကန်တော်လေး ရေလှောင်ကန် ရေသိုလှောင်ထားရှိမှုအခြေအနေများ၊ ကန်ပေါင်နှင့် ဆက်စပ်အဆောက်အအုံများ နှစ်အလိုက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ကန်တော်ကြီးရေလှောင်ကန်ပေါင်နှင့် ရေပိုလွှဲကြွခိုင်မှုအတွက် ဝင်ရေ/ ထွက်ရေ ထိန်းညှိစီမံဆောင်ရွက်မည့်အခြေအနေများ၊ ရေပိုလွှဲကြွခိုင်မှုအခြေအနေ၊ တည်ဆောက်သင့်သည့်အကူရေပိုလွှဲတည်ဆောက်ရန် လျာထားနေရာကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒိုးကွင်ရေလှောင်တမံသို့ ရောက်ရှိရာ ရေလှောင်တမံ၊ ပင်မရေပိုလွှဲ၊ အကူရေပိုလွှဲကြွခိုင်မှုအခြေအနေများ၊ ရေထုတ်ပြွန်၊ ရေပေးမြောင်းမှ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှုကိုကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ပိုးချည်စက်ရုံ (ပြင်ဦးလွင်) သို့ ရောက်ရှိကာ ပိုးချည်ထုတ်လုပ်ခြင်း၊ ပိုးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ၊ နည်းပညာပေးခြင်းများဆောင်ရွက်ကြရန် ဆွေးနွေးပြောကြား၍ ပိုးချည်ရစ်စက်များ အသုံးပြု၍ ပိုးချည်ထုတ်လုပ်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးတူးမြောင်းမကြီး ပေတိုင် ၁၉၉၅၀၀ နှင့် ပေတိုင် ၂၀၆၅၀၀ ကြား သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် သံရွာအနီးရှိ ငပြောင်ရေလွှဲဆည်သို့ ရောက်ရှိစဉ် ရေကျော်တိုက်စားပျက်စီးခဲ့သည့် ရေလွှဲဆည်ကြမ်းခင်းများအား ပြန်လည်ပြုပြင်ခြင်း၊ ရေလွှဲဆည်အောက်ပိုင်းလက်ဝဲနှင့် လက်ယာဘက်ခြမ်းတွင် ပျက်စီးနေသော ကျောက်ဆလံများ ပြန်လည်ပြုပြင်ခြင်း၊ ငပြောင်မြောင်းထိပ် ရေတံခါးနှင့် ရေတံခါး၏ လက်ယာဘက်ခြမ်း ဇော်ဂျီမြစ် မြေသားတာပေါင်အား တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# (၃၂)ကြိမ်မြောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

(၃၂)ကြိမ်မြောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်ခဲ့မှုသမိုင်းကြောင်း မှတ်တမ်းဗီဒီယိုအား ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက စားသုံးသူပြည်သူများ စားသုံးဆီမပြတ်လပ်ရေး၊ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသောစားသုံးဆီများ



ဖြန့်ဖြူးနိုင်ရေးကို အသင်းမှ ဦးတည်ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအေးဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာ၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းတို့ကို တာဝန်ရှိသူများက အသီးသီးတင်ပြ ဆောင်ရွက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဇော်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

(၃၂)ကြိမ်မြောက်မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် ပြခန်းပေါင်း ၁၅ ခန်း ပါဝင်ပြသခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် တာဝန်ရှိသူများက ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အထိ အသင်းဝင်ပေါင်း ၉၀၀၀ ကျော်ရှိကာ အသင်း၏အဓိကမျှော်မှန်းချက်ဖြစ်သော မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လင်းခန့်**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## ပစ်တိုင်းထောင်ပေ့

* ပစ်တိုင်းထောင်ပေ့
ယောင်၍ မလဲ၊ ထောင်ပေ့မြဲစွ
လှဲလျှင် ပြန်ထ၊ အားမာန်ပြရင်း
အာဂယောက်ျား၊ ငါတကားဟု
ဟားတိုက် ဟစ်ရယ် နေဦးမည်။

* ပစ်တိုင်းထောင်ပေ့
နှောင်ကြိုး တစ်ဆစ်၊ လာမရစ်နဲ့
ပစ်တိုင်းထောင်ရုပ်၊ ကြိုးရုပ်မခံ
သူ့ဟန်မလိုက်၊ ကိုယ့်စရိုက်ဖြင့်
ထိုက်သင့်ရာလမ်း၊ ကိုယ်တိုင်လှမ်းရင်း
ကိုယ့်လမ်း ကိုယ်သာ လျှောက်ချင်သည်။

* ပစ်တိုင်းထောင်ပေ့
အချောင် ရလို၊ ရေသာခို၍
ဟိုက ပေးနိုး၊ သည် ပေးနိုးဖြင့်
မျှော်ကိုးလည်ဆန့်၊ လက်မဖြန့်တတ်
အညှို့ မခံ၊ လေသံ မပျော့
အား မလျှော့ဘဲ
ခေါင်းမော့လျက်သာ နေချင်သည်။

* အရုပ်ဈေးမှာ၊ ကြည့်စမ်းပါလေ
ပြင်လျာအဆင်း၊ ရဲရင့်ခြင်းဖြင့်
ဖန်ဆင်းပုံဆောင်၊ ပစ်တိုင်းထောင်လျှင်
သွေးရောင်လည်းနီ၊ ခံ့ညားသည်လျှင်
မြန်ပြည်မှာဖွား၊ ပြည်ချစ်သား၏
ရှိထား စိတ်ဓာတ်၊ နိမိတ်မှတ်လေ့
ချစ်မြတ်နိုးသည်၊ မြန်မာပြည်ကို
စွန့်ရှည်ခိုင်ကြံ့၊ မျိုးဂုဏ်လွှံ့အောင်
နိုင်ငံ့သမိုင်း၊ ဘယ်မရိုင်းအောင်
တိုင်းကျိုးပြည်ပြု၊ ရပ်တည်မှုဖြင့်
ပြည်သူ့အကျိုးဆို၊ သယ်ပိုးလိုသည်
မိုးကိုဒူးနှင့်တိုက်ရဲတကား။ ။

**မြင်းမူမောင်နိုင်မိုး**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုအောင်ပွဲရ အားကစားသမားများအားဂုဏ်ပြုကြိုဆို



ရန်ကုန် ဒီဇင်ဘာ ၂၂

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုအောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်ပွဲရအားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်း၊ ခရိုင် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အားကစားသမားများ၏မိဘဆွေမျိုးများက ပန်းကုံးစွပ်ကာ အိုးစည်ဒိုးပတ် အက၊ အခုန်များဖြင့်ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်းအားပြသပြီး အားကစားသမားများက အားကစားရဲ့ မာန်ဟုန်လှိုင်းတို့ရန်ကုန်တိုင်းတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီးနောက် စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် အောင်ပွဲရအားကစားသမားများသည် MCC ခန်းမမှ ပြည်လမ်းအတိုင်း ဆူးလေစေတီတော်အားလည်းကောင်း၊ ထိုမှ ဦးထောင်ဘိုအဝိုင်းအားပတ်၍ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်မှ စေတီတော်မြတ်ကြီးအားလည်းကောင်း မော်တော်ယာဉ်များပေါ်မှ လှည့်လည်ဖူးမြော်ကြည်ညိုကြရာ လမ်းတစ်လျှောက်တွင် ပြည်သူများက အလံငယ်များဝှေ့ယမ်းပြီး "ရန်ကုန်" "ရန်ကုန်"ဟု အားပေးအော်ဟစ်၍ ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး အားကစားအဖွဲ့သည် အားကစားနည်း ၂၃ နည်းတွင် ကစားသမား ၄၂၇ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ရွှေ ၆၈ ခု၊ ငွေ ၄၂ ခု၊ ကြေး ၃၉ ခု စုစုပေါင်းဆုတံဆိပ် ၁၄၉ ခုဖြင့် ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ရရှိခဲ့ကာ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲတွင် အဆင့် (၁)နေရာ၌ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# မော်လမြိုင်မြို့၌ ဒီဇင်ဘာအားကစားလ(တတိယပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၂၂

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့် အတန်းတိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်၍ မွန်ပြည်နယ်တွင် ဒီဇင်ဘာအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသားဖွားသင်တန်းကျောင်း၊ အားကစားနှင့်ကာယသိပ္ပံလေ့ကျင့်ရေးကျောင်း (မော်လမြိုင်)နှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားလိုက်စားသူအများပြည်သူများအင်အား ၁၃၀၀ ကျော်သည် စုရပ်ဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ရုံး မောရဝတီပန်းခြံရှေ့မှစတင်ပြီး ဗဟိုလမ်းတစ်လျှောက်၊ ဒိုင်းဝန်ကွင်းလမ်းတစ်လျှောက်နှင့် ရာမညအားကစားကွင်းအတွင်း စုပေါင်းလမ်းလျှောက်ခြင်းကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်သူများသည် ရာမညအားကစားကွင်းတွင်သွေးပူလေ့ကျင့်ခန်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် Fitness Dance အကဖြင့်အတူတကွစုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။



ဆက်လက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြတ်အဏ္ဏဝါမင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့မှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် မော်လမြိုင်အဆင့်မြင့်ငါးဈေးသစ်စီမံကိန်းသို့ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုက ပထမပိုင်းအဆင့် ခြံစည်းရိုးကာရံခြင်း၊ Box Culvert ပြုလုပ်ခြင်း၊ အောက်ခံမြေသားပြုပြင်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှုနှင့် ဆိုင်ခန်းများ ဆောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး မြတ်အဏ္ဏဝါမင်းဆောက်လုပ်ရေးကုမ္ပဏီမှတာဝန်ရှိသူက ဆောက်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းရာသီတွင် အချိန်မီပြီးစီးရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည်မော်လမြိုင်အဆင့်မြင့်ငါးဈေးသစ်စီမံကိန်းအတွင်း ပထမပိုင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တန်းကျေးရွာ ကျောက်တန်းကျောင်းဟောင်းစာသင်တိုက်သို့ရောက်ရှိပြီးပဓာနနာယကဆရာတော်ဘဒ္ဒန္တ စာရိန္ဒ (မြစ်ကမ်းသာ) အားဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စရပ်များလျှောက်ထားပြီး ကျောင်းဝင်းအတွင်းတည်ထားကိုးကွယ်တော်မူမည့် လောကမေတ္တာ ဆုတောင်းပြည့်နဂါးရုံဘုရားတည်ဆောက်နေမှုကို ကြည့်ရှုကြည်ညိုခဲ့ကြောင်းသိရသည်။

စည်သူ(ပြန်/ဆက်)

■ **ရှေ့ဖုံးမှအဆက်**


အဆိုပါမုန်တိုင်းငယ်သည် နောက် ၆ နာရီအတွင်း အရှေ့-အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်သည်။ ထို့နောက် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ ဒီဇင်ဘာလ ၂၃ ရက်အတွင်း ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**၂၁-၁၂-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ**



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစုဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစုဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# စားရေရိက္ခာဖူလုံရေး၊ ပို့ကုန်တိုးတက်ထုတ်လုပ်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၂၁

လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဆီထွက်သီးနှံအထူးဇုန်တာဝန်ခံများနှင့် သင်တန်းကျောင်းတာဝန်ခံများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊ ပြည်ပပို့ကုန်တိုးတက်ထုတ်လုပ်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရက မူဝါဒများချမှတ်ဆောင်ရွက်ပေးခြင်းနှင့်အတူ လိုအပ်ချက်များကိုလည်း ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ဌာနပိုင်အဆောက်အအုံများ ငှားရမ်းရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာရှင်များ သုတေသီများနှင့် တောင်သူများအကြား စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ဆွေးနွေးပြောကြားကြသည်။



ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ အစည်းအဝေးတက်ရောက်လာကြသူများက ဆန်စပါးနှင့် ဆီထွက်သီးနှံအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ စက်မှုကုန်ကြမ်းသီးနှံနှင့် ဈေးကွက်ရှိသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံအလိုက်စိုက်ဧကနှင့် အထွက်နှုန်းဆိုင်ရာ အခြေခံစာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေးဆိုင်ရာများကိုတင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ဆုရအားကစားသမားများအား ဂုဏ်ပြုဆုငွေများချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၁

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် တတိယဆုရရှိခဲ့ကြသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုဆုငွေများပေးအပ်ပွဲနှင့် ဂုဏ်ပြုနေ့လယ်စာဖြင့်ဧည့်ခံပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ၊ ဝန်ထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးကအမှာစကားပြောကြားပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ၌ တတိယဆုရခဲ့သော ဝန်ကြီးဌာနကိုယ်စားပြုဘောလုံးအသင်းမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများအား ဆုချီးမြှင့်ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အလယ်တန်းကစားသမားဆုရ ကျောနံပါတ် ၂၃ အသင်းခေါင်းဆောင် အောင်အောင်ဦးအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပေးအပ်ရာ အားကစားသမားများက လက်ခံရယူကြပြီး ဂေါက်သီးရိုက်အားကစားသမားများကိုယ်စား အုပ်ချုပ်သူအဖွဲ့ဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် ဘောလုံးအားကစားသမားများကိုယ်စား အုပ်ချုပ်သူအဖွဲ့ဝင် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် တတိယဆုတံဆိပ်ရယူပေးခဲ့သော အားကစားသမားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများဂုဏ်ပြုအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၁

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ ဂုဏ်ပြုအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုတွင် ပါဝင်ဆောင်ရွက်သည့် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ၊ အထောက်အကူပြုကျန်းမာရေးဝန်ထမ်းများ၊ ပံ့ပိုးအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားအားကစားပွဲတော်ကျန်းမာရေးစောင့်ရှောက်မှုတွင် ဆေးကုသရေးလုပ်ငန်းအတွက် နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်းများသာမက တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျန်းမာရေးဝန်ထမ်းများပါစုစည်းဖွဲ့စည်းခဲ့ကြောင်း၊ ထို့ပြင်ကျန်းမာရေးဝန်ကြီးဌာနသာမက တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများပါ စုဖွဲ့၍ လူအင်အား ၃၀၀ နီးပါး ဆေးအဖွဲ့များဖွဲ့စည်းကာ ပါဝင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟာမှုမရှိအောင် စီမံအုပ်ချုပ်မှုဆောင်ရွက်ပေးသော တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားအားကစားပြိုင်ပွဲကာလတစ်လျှောက်လုံးတွင် လူနာ ၅၈၀၀ ဦးကျော် ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး အားကစားပြိုင်ပွဲများတွင် ထိခိုက်မှု လူနာပေါင်း ၁၃၇၁ ဦး၊ တိုင်းရင်းဆေးခန်းတွင် လူနာ ၁၄၈၇ ဦး၊ အထူးကုဆေးခန်းများတွင် လူနာ ၆၂ ဦး၊ တည်းခိုနေထိုင်သည့် နေရာများတွင် ၂၃၁၄ ဦး၊ ဖျော်ဖြေရေးအဖွဲ့များလေ့ကျင့်ခြင်းနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် ၅၅၇ ဦး၊ ဆေးရုံတက်ရောက်ကုသသူပေါင်း ၄၂ ဦးတို့ကို ကုသမှုများပေးနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# CHID Bank ၏ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၁

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးဘဏ် -CHID Bank(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ (၁၁) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ CHID Bank (ရုံးချုပ်) ၌ ကျင်းပသည်။

အစည်းအဝေးသို့ CHID Bank နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ၊ CHID Bank ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဘဏ်အစုရှယ်ယာရှင်များ၊ စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က CHID Bank ကို နိုင်ငံတော်၏ ဆောက်လုပ်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ၂၀၁၃ ခုနှစ် မေလတွင် တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဘဏ်လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ နှစ်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးဘဏ်၏လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် စနစ်တကျလိုက်နာဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

ပြည်သူများ စိတ်ချယုံကြည်အားကိုးရသောဘဏ်အဖြစ် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ Digital Banking စနစ်ဖြင့် လုပ်ဆောင်နိုင်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် CHID Bank ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ်အမှုဆောင်အရာရှိချုပ်နှင့် စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဘဏ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု ၊ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ဘဏ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဘဏ်၏ပြင်ပစာရင်းစစ်အစီရင်ခံစာကို တင်ပြအတည်ပြုချက်ရယူခြင်း၊ ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သစ်များကို အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်ခန့်အပ်ခြင်းနှင့် အမည်စာရင်း အတည်ပြုကြေညာခြင်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်း၊ အခကြေးငွေသတ်မှတ်ခြင်း၊ အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသော မေးခွန်းများနှင့် အကြံပြုချက်များ ပြန်လည်ဖြေကြားခြင်း၊ စာရင်းစစ်ကော်မတီဝင်များ ခန့်အပ်ခြင်း ၊ အတည်ပြုချက်ရယူခြင်းနှင့် အမည်စာရင်းကြေညာခြင်းတို့ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ငါးထပ်အဆောက်အအုံကို မူလရှေးပုံစံမပျက် အကြီးစားပြင်ဆင်လျက်ရှိသည့်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကိုယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ်၊ ကျိုင်းလိတ်ကျေးရွာ ဖူဆယ်ဘောလုံးကွင်း၌ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားအသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အထိမ်းအမှတ်အကျႌများအား အာခါအမျိုးသားအကြီးအကဲကပေးအပ်ရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြိုင်ပွဲဝင်အသင်းများ၏ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ နှစ်(၅၀)ပြည့် ရွှေရတုအာခါ အမျိုးသားနေ့အထိမ်းအမှတ်ဖူဆယ်ဘောလုံး ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ဒီဇင်ဘာလ ၂၃ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် နှစ်(၅၀)ပြည့် ရွှေရတု အာခါ အမျိုးသားနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## နေရာကျဲကျဲ မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမိုးရွာနိုင်သည်။

(မိုး/ဇလ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Pathein District decides to grow more than 4,000 acres of sunflower as cold season crop



PATHEIN December 21

Arrangements are being made to grow 4,400 acres of sunflower as a cold season crop in Pathein District of Ayeyawady Region this year, said Daw Aye Aye Mu, Head of the District Agriculture Department.

Local farmers started cultivation of sunflower in the third week of November. The Agriculture Department will cooperate with local farmers to meet the target cultivation of sunflower.

Daw Aye Aye Mu clarified: "This cold season, we earmarked cultivation of 4,400 acres of sunflower. We join hands with local farmers in cultivation of sunflower to meet the target cultivation. We help local farmers with agricultural techniques and other necessaries."

In this regard, Pathein Township will grow 354 acres of sunflower, Kangyidaunt Township 1,586 acres, Thabaung Township 2,108 acres, and Ngaputaw Township 352 acres.

Agricultural officials make field trips of sunflower plantations for boosting per acre yield of crops, urging local farmers to systematically use pesticides and fertilizers in the plantations.

**SMK**

# Myanmar exports over 200,000 tons of various fish in the past eight months

YANGON December 21

Myanmar generated US$-256.6 million from 240,000 metric tons of various fish exports in the past eight months of the current financial year 2024-2025 beginning 1 April, according to the Fisheries Department.

The figures indicated a sharp increase of over US$-39 million compared with that of the corresponding period last year.

Myanmar steadily exports seafood to 40 countries including China, Thailand, Bangladesh and Japan through maritime and border trade routes.

According to the Myanmar Fisheries Federation, Myanmar's seafood exports include hilsa, rohu, catfish, seabass, river catfish, eel, shrimp and crabs. There are over 140 fishery product processing factories in Myanmar. The Department of Fisheries grants licence extensions every year.

**SMK**

# Merchants supply 700,000 pieces of coconuts to Yangon market



DANUBYU December 21

Local merchants from Danubyu Township of Ayeyawady Region sent 700,000 pieces of coconuts to Yangon market said Daw Hla Hla Htay, the businessperson of coconut trading in Danubyu Township.

They sent 500,000 pieces of coconuts in September but 700,000 in October, Coconut fetches Ks-75,000 per 100 pieces in the market.

Daw Hla Hla Htay commented: "Our region sells agricultural produce as well as horticultural products to Yangon market. Last month, we sold 700,000 pieces of coconut to Yangon. At present, coconut is in high demand from Yangon market. So, market prices of the fruits are convenient for local farmers."

Merchants ship dried coconut, fresh coconut, tender coconut, peeled coconut and the fruit with peel to Yangon market by truck and vessel. Due to high demand of the fruits, those in production chain of coconut are convenient in their livelihoods.

**SK**

# 67,857 acres of crop varieties earmarked to grown in Thegon Township

THEGON December 21

With the aim of increasing local farmers' income and ensuring food security, 67,857 acres of crop varieties have been earmarked to plant this winter crop growing season.

A total of 67,857 acres of crop varieties including 4,666 acres of groundnut, 2,339 acres of sesame, 114 acres of winter sunflower, 3,6261 acres of bean varieties, 6,228 acres of corn, 4,032 acres of sugarcane, 421 acres of onion, 207 acres of chili, 11,290 acres of vegetable and 271 acres of flower varieties will be grown in Thegon Township of Bago Region this year's winter crops growing season, according to the Township Agriculture Department.

In order to achieve high yield, officials from the Agricultural Advisory Committee and the Township Agriculture Departments are making field trips and providing farmers with necessary assistance such as agricultural techniques, methods of planting and prevention of pest infestation in the Township. **SK**

# Budalin Township cultivates over 3,000 acres of winter groundnuts

BUDALIN December 21

A total of 3,856 acres of groundnuts have been planted during this year winter crops planting season in Budalin Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for Budalin Township.

During the 2024-2025 winter crops planting season, 5,900 acres of groundnuts are planned to be planted in Budalin Township, and since October this year, 3,856 acres have been planted.

"We are making efforts to reach the target acres. Groundnut cultivation is developing successfully. As an oilseed crop, it is in a successful position. Groundnut cultivation is improving year by year," said U Phyo Wai, head of Department of Agriculture for Budalin Township.

It is reported that one acre of groundnuts is planted with one and a half basket of seeds, and the cost of seeds, labour, fertilizer, and pesticides is over Ks-200,000. If one acre is planted, more than 50 baskets of seeds are produced.

**SMK**

# Labutta distributes 70,000 viss of dried Swimbladder to Yangon market



LABUTTA December 21

Local fishermen and business people from Labutta Township of Ayeyawady Region sold 70,000 viss of dried Swimbladder to Yangon market, said Daw Khin Htay, the owner of dried fish wholesale centre in Labutta Township.

They sold 50,000 viss of dried Swimbladder to Yangon market in September but 70,000 viss in October this year.

Daw Khin Htay commented: "Swimbladders are obtained from various species of seawater fish. These were extracted from fish and then dried under sunray systematically. These dried Swimbladders were sold to Yangon market. Starting from the first week of October, the demand of the stock is higher and higher. Local merchants from Labutta Township sell domestic products including dried Swimbladder to Yangon market."

In October, dried Swimbladder fetched Ks-22,000 per viss of yellow pike-conger Swimbladder, Ks-35,000 to Ks-34,500 per viss of sea catfish Swimbladder, Ks-80,000 per viss of crocker Swimbladder and others in Yangon market, depending on quality and size.

**SK**

# Tanintharyi approves 15 new hotel projects expanding tourism services

MYEIK December 21

Efforts are also focused on enhancing tourism services in specific areas: Dawei for domestic travellers, Myeik for both domestic and Thai tourists, and Kawthoung for international visitors.

The Tanintharyi Region Tourism Committee, during its 5/2024 Coordination Meeting, announced the approval of pre-construction permits for 15 hotel projects, along with new licences for 14 hotels and several guesthouses in the region.

Since its inception, the committee has held 16 coordination meetings to facilitate the systematic development of the hotel and tourism sector in key destinations. These meetings have led to the approval of 15 new hotel project proposals, 14 new hotel licences, 3 new guesthouse licences, 25 new tour operator licences, three new tour guide licences, 55 regional tour guide licences, 38 hotel licence renewals, eight guesthouse licence renewals, 32 tour operator licence renewals, and 82 regional tour guide licence renewals.

Efforts are also focused on enhancing tourism services in specific areas: Dawei for domestic travellers, Myeik for both domestic and Thai tourists, and Kawthoung for international visitors. In addition, the committee is working on developing new tourist routes across the Tanintharyi Region to expand its appeal.

**SMK**

# Yenangyaung Township finishes cultivation of 3,500 acres of oilseed crops



YENANGYAUNG December 21

The Township Agriculture Department has finished cultivation of a total of 3,500 acres of edible oilseed crops including 1,105 acres of sesame, 200 acres of ground nut and 2,207 acres of sunflower this winter crop growing season in Yenangyaung Township of Magway Region, according to the Township Department of Agriculture.

In order to achieve high yield, officials from the Township Department of Agriculture are making field trips and providing farmers with necessary assistance such as agricultural techniques, good quality seeds, methods of planting and prevention of pest infestation in collaboration with relevant farmers in the Township.

**SK**

# Pyapon Township delivers 75,000 visses of blood clam to Yangon market

PYAPON December 21

About 75,000 visses of blood clam from Pyapon Township, Ayeyawady Region, were delivered to the Yangon market in November 2024, up from 52,000 visses registered in October, according to news released by MyanTrade.

"The supply grew significantly in November. The majority of the fisheries from Ayeyawady Region are sent to Yangon. The blood clam has a strong domestic demand as well. Local fishery products including blood clam are highly demanded in Yangon this month," said a fishery product trader.

This business thrives, allowing fishermen, hard labourers and traders to earn well.

Blood clam farming business became trendy in the 2017- 2018 financial year. The capacity of a clam farm is estimated at 30,000 clams. When the blood clams reach one kilogramme with less than 100 calms, it's the right size to deliver them to the market. There are around 100 clam farming ponds in Tanintharyi Region, said Daw Ni Ni engaged in blood clam farming in Yaykantaung village-tract, Kyunsu Township, Tanintharyi Region.

Some called them the blood cockles. Tanintharyi residents widely called them Gin. The blood clam from Tanintharyi Region is primarily exported to Thailand, generating foreign earnings and creating jobs for locals.

**SMK**

# Yangon plans to use EV buses in public transportation

YANGON December 21

Power Eleven company has planned to use EV buses in its public transportation service in Yangon, said an official of the company.

"It is still underway. We need to seek approval for some requirements. The process is very strict so we need to ensure making our proposal more complete," he said.

Power Eleven is willing to test EV buses in YBS service so that weaknesses and advantages can be identified, and current buses are old, he said.

"We can identify weaknesses and advantages if we test it now. We will use EV buses in YBS services. It is very expensive and no one will consider trying it. But, we won't give up. It is less possible but we need to acquire feasibility. The problem is the project is very expensive so it might be difficult to ensure cost-effective. But, we have planned to run on a trial so that we can identify its feasibility. It was not easy to run air-conditioned buses last seven or eight years, but we acquired feasibility to implement but lost as expected. However, we will have to try again after making calculations based on the data we acquired. It is impossible to do public transport like a commercial business," he said.

**SK**

# Russia strikes Ukrainian military-industrial complex facilities

MOSCOW December 21

Russian Ministry of Defence reported on the progress of the special military operation.

Russian aviation and artillery has destroyed energy facilities that support the operation of Ukrainian military industrial complex enterprises and the infrastructure of military airfields, the Russian Ministry of Defence said on Saturday.

"Operational and tactical aircraft, unmanned aerial vehicles, missile forces, and artillery of the Russian armed forces have targeted energy facilities that support the operation of enterprises of Ukraine's military-industrial complex, the infrastructure of military airfields, storage facilities for unmanned aerial vehicles, and concentrations of personnel and military equipment of Ukrainian armed forces in 147 locations," the statement read.

The ministry also noted that eight US-made HIMARS multiple rocket launchers and 89 drones of aircraft type had been shot down by Russian air defence systems.

Russia's Yug battle group has taken control over the settlement of Ostrovskogo (also known as Kostiantynopolske) in the Donetsk People's Republic (DPR), the Russian Ministry of Defence added.

"As a result of the resolute actions of the units of the Southern military group, the settlement of Ostrovskogo in the Donetsk People's Republic has been liberated," the statement read.

The ministry also said that the South battle group had eliminated 285 Ukrainian fighters over the past day.



"The enemy's casualties have amounted to up to 285 fighters; two armored combat vehicles, two vehicles, one 122-mm D-30 howitzer, one US-made 105-mm M119 howitzer and five field ammunition depots have been destroyed," the statement notes.

**Sputnik**

# At least 5 killed, 200 injured in German Christmas market car-ramming



BERLIN December 21

At least five people were killed and over 200 others injured after a car rammed into a large crowd at a Christmas market in the central German city of Magdeburg Friday evening, German news agency dpa reported Saturday, citing State Premier Reiner Haseloff.

"We have five deaths and over 200 injuries, many of them serious and severe," Haseloff said, noting that the toll was far worse than initially thought when the incident occurred.

German Chancellor Olaf Scholz expressed deep concerns over the tragic incident at the scene, saying that "nearly 40 of the injured are so seriously hurt that we must be very worried about them."

Condemning the act, Scholz described it as "a terrible tragedy to harm and kill so many people with such brutality." He called for social cohesion and also vowed that Germany would respond to the attack "with the full force of the law."

German authorities are investigating a 50-year-old doctor from Saudi Arabia who has been living in Germany since 2006 and worked in a nearby town. He was arrested at the site and taken into custody for questioning. Police searched his home overnight, and authorities assume he acted alone.

The motive remained unclear and police have not yet named the suspect.

German authorities were alerted about the man about a year ago, dpa reported.

The identities of the fatalities have not been revealed. Mourners lit candles and placed flowers outside a church near the market. A memorial service is to be held in Magdeburg's cathedral at 7 p.m. (1800 GMT) Saturday night.

Scholz and other top officials, including Federal Minister of the Interior Nancy Faeser, have arrived in Magdeburg on Saturday. Faeser ordered Saturday morning that all flags at all federal buildings be flown at half-mast nationwide.

Magdeburg, a city of approximately 237,000 residents, is located in the state of Saxony-Anhalt, about 150 km west of Berlin.

The incident echoes a tragic attack eight years ago, on December 19, 2016, when a terrorist drove a truck into a Berlin Christmas market, killing 12 and injuring over 70 others. The perpetrator fled to Italy, where he was eventually shot dead by police.

**Xinhua**

# U.S. Senate passes funding bill, averting gov't shutdown

WASHINGTON December 21

The U.S. Senate passed a government funding bill early Saturday that would head to U.S. President Joe Biden's desk for his signature, averting a government shutdown.

The bill, passed 85-11 right after the deadline, would temporarily fund federal operations and disaster aid, pushing U.S. President-elect Donald Trump's demand to raise the debt ceiling into the new year, AP News reported.

The White House said at midnight that it had ceased shutdown preparations.

"This is a good outcome for the country," said House Speaker Mike Johnson, adding he had spoken with Trump, who "was certainly happy about this outcome, as well."

Hours before the vote, Trump threatened that the debt limit increase be included in any deal. Otherwise, he said, let the closures "start now."

Trump's last-minute demand was nearly impossible, said AP News, forcing Johnson to find a way to bypass his pressure for a debt ceiling increase.

**Xinhua**

# 16 troops killed, 8 injured in attack in NW Pakistan

ISLAMABAD December 21

Sixteen troops were killed and eight others sustained injuries in a terrorist attack in Pakistan's northwest Khyber Pakhtunkhwa province in the early hours of Saturday, intelligence sources confirmed.

The assault began at approximately 02:30 a.m. local time (2130 GMT Friday) in South Waziristan district of the province, where a check post was targeted in a coordinated fire raid that claimed the lives of the soldiers, the sources from the district told Xinhua on condition of anonymity.

Twelve bodies have been identified, while the identities of four more have yet to be confirmed.

The injured were swiftly evacuated to the paramilitary troops' Frontier Corps Training Center for medical treatment, the sources added.

In response to the attack, the soldiers retaliated effectively using rocket launchers and other available weapons, the sources added.

The Pakistani military has yet to issue an official statement regarding the perpetrators of the attack.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 18 used to (do)

**Now write about how Karen has changed. Use used to / didn't use to / never used to in the first part of your sentence.**

1 She used to travel a lot, ................ but she doesn't go away much these days.
2 She used........................ but ........................
3 ........................ but ........................
4 ........................ but ........................
5 ........................ but ........................
6 ........................ but ........................

**18.4 Write sentences about yourself. Begin I used to … (I used to be/work/like/play etc.)**

1 I used to live in a small village, but now I live in a city.
2 I used to play tennis a lot, but I don't play any more.
3 I used ................, but ........................
4 I ........................
5 ........................

**Now begin with** I didn't use to … .

6 I didn't use to read a lot, but I do now.
7 I didn't........................
8 ........................

## Unit 19 Present tenses (I am doing / I do) for the future

**A** Present continuous (**I am doing**) with a future meaning




This is Ben's diary for next week.
He **is playing** tennis on Monday afternoon.
He **is going** to the dentist on Tuesday morning.
He **is meeting** Kate on Friday.
In all these examples, Ben has already decided and arranged to do these things.

**I'm doing** something (tomorrow etc.) = I have already decided and arranged to do it:

- A: What **are** you **doing** on Saturday evening? (not What do you do)
  B: I'm **going** to the cinema. (not I go)
- A: What time is Katherine **arriving** tomorrow?
  B: Half past ten. We're meeting her at the station.
- **I'm not working** tomorrow, so we can go out somewhere.
- Steve **isn't playing** football next Saturday. He's hurt his leg.

We do not normally use **will** to talk about what we have arranged to do:


- What **are** you **doing** tonight? (not What will you do)
- Alex **is getting** married next month. (not will get)

We also use the present continuous for an action just before you start to do it. This happens especially with verbs of movement (**go/come/leave** etc.):

- I'm tired. **I'm going** to bed now. Goodnight. (not I go to bed now)
- 'Tina, are you ready yet?' 'Yes, **I'm coming**.' (not I come)

**Raymond Murphy**

# ခြံထဲကနေလွတ်ပြီထင်ပြီး ဝံပုလွေတွေရဲ့ရန်ကိုမမြင်ရှာတဲ့ သိုးငယ်များ




ဆိုရိုးစကားလေးတစ်ခုကို ကျွန်တော်ကြားဖူးတယ်ခင်ဗျ။ "သိုးငယ်လေးတွေ ခြံထဲက လွတ်လို့ ပျော်မြူးနေ၊ ခြံပြင်ကဝံပုလွေတွေရန်ကိုတော့ သူမေ့နေ" ဆိုတဲ့စကားလေးပါ။ သူ့ရဲ့ အဓိပ္ပာယ်က သိုးလေးတွေဟာ သူတို့ကိုခြံခတ်ထားတာမကြိုက်ဘူးပေါ့။ ဒီတော့ သူတို့ကခြံစည်းရိုးကို ချိုးဖျက်ပြီး အပြင်ကိုထွက်သွားတယ်။ ဒါပေမဲ့ ခြံအပြင်မှာ သူတို့ကိုဝါးမျိုဖို့ အသင့်စောင့်နေတဲ့ ဝံပုလွေတွေ၊ တခြားအသားစားတိရစ္ဆာန်တွေရှိနေတယ်ဆိုတဲ့ အန္တရာယ်ကိုတော့ သူတို့မမြင်ရှာဘူး။ နောက်ဆုံးမှာတော့ တစ်ဖက်ကခြံအပြင်ထွက်ခွင့်ရလို့ လွတ်လပ်သွားပေမယ့်လည်း အခြားတစ်ဖက်မှာ ဝံပုလွေတွေရဲ့အစာဖြစ်သွားရတော့တာပါပဲ။

ဒီဆိုရိုးစကားလေးနဲ့ လိုက်ဖက်တဲ့အခြေအနေတစ်ခုကို အခုလက်ရှိဆီးရီးယားမှာ မြင်တွေ့နေရတယ်ခင်ဗျ။ အားလုံးလည်း သိရှိကြားမိလိုက်ကြမှာပါ။ ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်က နိုင်ငံထဲကနေထွက်ပြေးရပြီး သူ့ရဲ့အစိုးရအဖွဲ့ပြုတ်ကျသွားတာ အခုဆိုရင်သီတင်းပတ်တစ်ပတ်ကျော်ကြာပါပြီ။ အာဆတ်အစိုးရအဖွဲ့ပြုတ်ကျပြီဆိုတာနဲ့ တစ်ပြိုင်နက် ဆီးရီးယားပြည်သူတွေဟာ လမ်းမတွေပေါ်ထွက်ပြီး အောင်ပွဲခံလာကြတာကိုလည်း တွေ့ရတယ်ခင်ဗျ။ ဒါကြောင့် ဒီနေရာမှာ ဆီးရီးယားပြည်သူတွေကို အထက်ပါဆိုရိုးစကားအရ သိုးငယ်လေးတွေနဲ့နှိုင်းယှဉ်ပါရစေ။

ဒီတော့ အခုလိုမျိုးအခြေအနေမှာ ဆီးရီးယားပြည်သူတွေအနေနဲ့ ဘာကြောင့်အပျော်ကြီးပျော်နေကြရတာလဲ ဆိုတာရယ်၊ အပေါ်မှာပြောခဲ့တဲ့ ဆိုရိုးစကားအရဆိုရင် သိုးငယ်ဆီးရီးယားပြည်သူတွေကို ပွဲတော်တည်ဖို့အတွက် အသင့်စောင့်နေတဲ့ ဝံပုလွေတွေက ဘယ်သူတွေလဲဆိုတာရယ်တို့ကို ကျွန်တော့်အနေနဲ့ဆက်ပြီးရှင်းပြပေးပါမယ်။ ဒီလိုမျိုးမရှင်းပြခင်မှာ ဆီးရီးယားနိုင်ငံရဲ့အခြေအနေအကျဉ်းချုပ်ကို ဦးစွာတင်ပြပါရစေ။ ဒါမှသာ ဒေသတွင်းမှာဆီးရီးယားနိုင်ငံက ဘာကြောင့်အရေးပါရတယ်။ ဘာကြောင့် အခုလိုအခြေအနေမျိုးကို ဆိုက်ရောက်သွားရတယ်ဆိုတဲ့အကြောင်းရင်းတွေကို သိရှိနိုင်မှာပါ။ ဒါဆိုရင် ဆီးရီးယားနိုင်ငံရဲ့ နောက်ခံနိုင်ငံရေးအခြေအနေကို အရင်ဆုံးကြည့်လိုက်ကြရအောင်။

ဆီးရီးယားနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်းတစ်ခုလုံးက တော်တော်လေးတော့ရှုပ်တယ်ခင်ဗျ။ တစ်ချိန်ကသူဟာ အော်တိုမန်အင်ပါယာရဲ့ နယ်မြေအစိတ်အပိုင်းတစ်ခုပေါ့။ အဲဒီကာလကတည်းက ဆီးရီးယားပြည်သူတွေဟာ ဆွန်နီမူဆလင်၊ အာလာဝီ၊ ဒရူ၊ ခရစ်ယာန်၊ ကာ့(ဒ်)ဆိုပြီးတော့ ကိုးကွယ်ယုံကြည်မှုအမျိုးမျိုးနဲ့အတူ သဘောထားတွေလည်း ကွဲလွဲနေကြတာပါ။ အဆိုးဆုံးကတော့ တိုင်းရင်းသားတွေဟာ သူတစ်လူငါတစ်မင်းဖြစ်ပြီး ဂိုဏ်းဂဏကွဲပြားမှုတွေက လက်ရှိအချိန်အထိအရိုးစွဲလာခဲ့တာပါပဲ။

ပထမကမ္ဘာစစ်အပြီး အော်တိုမန်အင်ပါယာပြိုကွဲသွားတဲ့အချိန် ဆီးရီးယားနိုင်ငံဟာ ပြင်သစ်နိုင်ငံရဲ့ လက်အောက်ခံအဖြစ် ခွဲဝေရောက်ရှိသွားပါတယ်။ ဒီအချိန်မှာ ပြင်သစ်အစိုးရက အနောက်အုပ်စုရဲ့လုပ်ရိုးလုပ်စဉ်ပုံစံအတိုင်းပဲ ဆီးရီးယားကို နယ်မြေအစိတ်အပိုင်းလေးတွေများစွာခွဲပြီး သွေးခွဲအုပ်ချုပ်ခဲ့တာပေါ့။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်းဖြစ်ပေါ်ပြောင်းလဲလာတဲ့ ခေတ်စနစ်အခြေအနေအရ ကမ္ဘာတစ်ဝန်းရှိ ကိုလိုနီလက်အောက်ခံ နိုင်ငံတော်တော်များများ လွတ်လပ်ရေးရလာခဲ့ကြပါတယ်။ အဲဒီထဲမှာ ဆီးရီးယားနိုင်ငံလည်းအပါအဝင်ပေါ့။ ၁၉၄၆ ခုနှစ်မှာ လွတ်လပ်ရေးရလာခဲ့တာပါ။

လွတ်လပ်ရေးရပြီးမကြာပါဘူး။ စည်းလုံးညီညွတ်မှုအားနည်းတဲ့ ဆီးရီးယားနိုင်ငံမှာ အာဏာလုတဲ့ဖြစ်စဉ်တွေတော်တော်များများဖြစ်ပြီး အစိုးရအပြောင်းအလဲလည်းများစွာဖြစ်ပေါ်ခဲ့ပါတယ်။ အဓိကကတော့ နိုင်ငံရေးအယူအဆကွဲလွဲမှုများကြောင့်ပါ။ ၁၉၆၃ ခုနှစ်အရောက်မှာတော့ ဘက်(သ်)ပါတီက အာဏာသိမ်းမှုကနေတစ်ဆင့် အာဏာရရှိလာပြီး တစ်ပါတီအာဏာရှင်စနစ်နဲ့အုပ်ချုပ်လာပါတယ်။ ဘက်(သ်)ပါတီကလည်း သူ့ရဲ့ပါတီအတွင်းအာဏာလွန်ဆွဲမှုတွေကြောင့် အကျပ်အတည်းတွေနဲ့တွေ့လာရတဲ့အချိန် ၁၉၇၀ ပြည့်နှစ်မှာ ဟာဖက်အယ်အာဆတ်က သူ့ရဲ့တန်ခိုးထွားမှုနဲ့အတူ ဘက်(သ်)ပါတီဆီကနေ အာဏာသိမ်းပြီး ဆီးရီးယားနိုင်ငံကို အုပ်ချုပ်ခဲ့တာဖြစ်ပါတယ်။ ဟာဖက်အယ်အာဆတ်ဆိုတာ မကြာသေးမီက နိုင်ငံကနေထွက်ပြေးသွားရတဲ့ ဘာရှာအယ်အာဆတ်ရဲ့အဖေပါ။ ဘာရှာအယ်အာဆတ်က သူ့အဖေဆုံးပါးသွားတဲ့ ၂၀၀၀ ပြည့်နှစ်ကနေစတင်ပြီး မကြာသေးမီအချိန်အထိ ဆီးရီးယားကိုအုပ်ချုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ ဆီးရီးယားနိုင်ငံရဲ့နိုင်ငံရေးအခြေအနေတစ်စိတ်တစ်ပိုင်းပါ။

အခုဆက်ပြီး ဆီးရီးယားနိုင်ငံအပေါ် ဘာကြောင့်နိုင်ငံတကာက ဝင်ရောက်စွက်ဖက်မှုတွေရှိလာတာလဲ၊ ဘာကြောင့် ကြားခံအဖြစ်အသုံးချခံနေရတာလဲဆိုတဲ့အကြောင်းကို တင်ပြသွားပါမယ်။ ဆီးရီးယားနိုင်ငံဟာ အရှေ့အလယ်ပိုင်းဒေသမှာ တကယ့်ကိုအရေးပါတဲ့တည်နေရာမှာတည်ရှိနေတာပါ။ သူ့ရဲ့အိမ်နီးချင်းနိုင်ငံတွေက တူရကီယဲ၊ အီရတ်၊ ဂျော်ဒန်၊ အစ္စရေးနဲ့ လက်ဘနွန်တို့ဖြစ်ပါတယ်။ ပြီးတော့ ဆီးရီးယားနိုင်ငံက မြေထဲပင်လယ်ထွက်ပေါက်ကိုပိုင်ဆိုင်ထားတဲ့နိုင်ငံတစ်နိုင်ငံပါ။ ဒီလိုအခြေအနေတွေကြောင့်ပဲ ဒေသတွင်းအင်အားကြီးနိုင်ငံတွေအနေနဲ့ ဒေသတွင်းမှာလွှမ်းမိုးမှုရရှိနိုင်ဖို့အတွက် ဆီးရီးယားကိုအရေးပါတဲ့နေရာတစ်ခုအဖြစ် သတ်မှတ်ထားကြတာဖြစ်ပါတယ်။

ဆီးရီးယားနိုင်ငံမှာ ၂၀၁၁ ခုနှစ်ကနေစပြီး ပြည်တွင်းစစ်ဖြစ်ပွားခဲ့တာပါ။ ပြည်တွင်းစစ်ဖြစ်ပွားရတဲ့အဓိကအကြောင်းပြချက်က ဒီမိုကရေစီအရေးနဲ့ လွတ်လပ်မှုဆိုပေမယ့်လည်း တကယ်တမ်းမှာ ဘာသာရေးအင်အားကြီးနိုင်ငံများရဲ့ မြေဇာပင်ဖြစ်ခဲ့ရတာဖြစ်ပါတယ်။ အကျဉ်းချုပ်ပြီးပြောရရင် ရှီးယားမူဆလင်အများစုရှိရာ အီရန်နိုင်ငံက အာဆတ်အစိုးရအဖွဲ့ကို ထောက်ခံအားပေးတယ်။ ဆွန်နီမူဆလင်အများစုရှိရာဆော်ဒီအာရေဗျက ဆီးရီးယားနိုင်ငံမှာရှိတဲ့ အစိုးရအတိုက်အခံအဖွဲ့တွေကို အားပေးတယ်။ အကြောင်းရင်းက အီရန်ရဲ့လွှမ်းမိုးမှုကိုလျှော့ချနိုင်စေဖို့ပါ။ အဲဒီမှာပဲ ဆီးရီးယားက ကြားခံစစ်တလင်းဖြစ်ရတာဖြစ်ပါတယ်။

နောက်တစ်ခုက တူရကီယဲပါ။ တူရကီယဲက နယ်မြေလွတ်မြောက်ရေးကြိုးပမ်းနေတဲ့ ကာ့(ဒ်)တပ်ဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ပြီး ရေဆုံးမြေဆုံးလိုက်လံချေမှုန်းနေတာပါ။ ကာ့(ဒ်)တပ်ဖွဲ့ဆိုတာက ဆီးရီးယားမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ အဲဒီအဖွဲ့ကိုအမြစ်ဖြတ်နိုင်ဖို့အတွက် တူရကီယဲက ဆီးရီးယားမှာရှိတဲ့ အတိုက်အခံအင်အားစုတွေကိုအားပေးအားမြှောက်ပြုပါတယ်။ တူရကီယဲပြီးရင် နောက်ထပ်တစ်နိုင်ငံက အစ္စရေးနိုင်ငံပါ။ အစ္စရေးဟာ ဆီးရီးယားမှာအီရန်ရဲ့လွှမ်းမိုးမှုမြင့်တက်လာတာကို စိုးရိမ်ပါတယ်။ ဆီးရီးယားမှာ အီရန်လွှမ်းမိုးလာတာနဲ့အမျှ အစ္စရေးအတွက်က တကယ့်ကိုကြီးမားတဲ့ခြိမ်းခြောက်မှုတစ်ခုကနေဖြစ်လာနိုင်တယ်ဆိုတာကို အစ္စရေးဘက်ကသိပြီးသားပါ။ ဒီအတွက် အစ္စရေးက ဆီးရီးယားမှာရှိတဲ့ အီရန်ရဲ့စစ်လက်နက်ပစ္စည်းများနဲ့ အီရန်ရဲ့ထောက်ပံ့ခံ ဟစ်ဇဘိုလာအဖွဲ့တို့ကို တိုက်ခိုက်ဖျက်ဆီးမှုတွေလုပ်နေတာဖြစ်ပါတယ်။

ဆီးရီးယားနိုင်ငံဟာ ဒေသတွင်းအင်အားကြီးနိုင်ငံများရဲ့ကြားမှာညပ်ရုံသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်နဲ့ရုရှားတို့ကြားအားပြိုင်မှုအတွက် ကြားခံနယ်မြေတစ်ခုလည်းဖြစ်နေပါသေးတယ်။ တည်ငြိမ်မှုမရှိဘဲ ပျက်စီးယိုယွင်းစပြုလာတဲ့ ဆီးရီးယားလိုနိုင်ငံမျိုးကို အမေရိကန်နိုင်ငံကကြားကနေတစ်ချက်လေးဝင်မွှေပေးလိုက်ရုံနဲ့ ဆီးရီးယားနိုင်ငံပျက်စီးပြီး အမေရိကန်ရဲ့ အရှေ့အလယ်ပိုင်းရှိအင်အားကြီးမဟာမိတ်နိုင်ငံတွေက ဒေသတွင်းမှာ အာဏာလွှမ်းမိုးသွားနိုင်မှာပါ။ ဒီလိုမျိုးရည်ရွယ်ချက်နဲ့ အမေရိကန်က အကြမ်းဖက်အဖွဲ့တွေကို ငွေအား၊ လူအားအပြင် စစ်လက်နက်ပစ္စည်းများကိုပါ သွယ်ဝိုက်တဲ့နည်းနဲ့ ပံ့ပိုးထောက်ပံ့ပေးခဲ့ပါတယ်။ ရလဒ်ကတော့ ကမ္ဘာကျော်အကြမ်းဖက်အဖွဲ့ဖြစ်တဲ့ IS စစ်သွေးကြွအဖွဲ့ထွက်ပေါ်လာတာပါပဲ။

ဒီအချိန်မှာ အာဆတ်အစိုးရအနေနဲ့ အားကိုးစရာက ရုရှားပဲရှိပါတော့တယ်။ ယခင်ကတည်းက ဆိုဗီယက်ပြည်ထောင်စုနဲ့ ခိုင်မာတဲ့ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ထားတဲ့ ဆီးရီးယားနိုင်ငံဟာ ဘာရှာအယ်အာဆတ်အစိုးရလက်ထက်မှာလည်း ရုရှားနဲ့ဆက်ဆံရေးကို ပိုမိုတိုးမြှင့်လာခဲ့ပါတယ်။ IS စစ်သွေးကြွတွေ တစ်စခန်းထလာချိန် အမေရိကန်ကဒေသတွင်းမှာလွှမ်းမိုးမှုရယူနိုင်ဖို့အတွက် သူတို့မွေးထားတဲ့စစ်သွေးကြွအဖွဲ့ကို သူတို့ပြန်ပြီးနှိမ်နင်းပြပါတယ်။ တစ်ချိန်တည်းမှာပဲ ဒေသတွင်းမှာအင်အားချိန်ခွင်လျှာညှိနိုင်ဖို့လိုအပ်လာပါတယ်။ ဒီလိုသာမညှိနိုင်ရင် အာဆတ်အစိုးရပြုတ်ကျသွားမှာမို့လို့ပါ။ ဒါကြောင့် ရုရှားက ဆီးရီးယားအစိုးရရဲ့ခွင့်ပြုချက်အရ အဲဒီနိုင်ငံထဲဝင်ရောက်အခြေချတပ်စွဲခွင့်ရရှိလာပါတယ်။ ရုရှားကလည်း IS စစ်သွေးကြွများကို ထိထိရောက်ရောက်ချေမှုန်းပါတယ်။ ဒီလိုအခြေအနေသည်လည်း ဆီးရီးယားနိုင်ငံကို ကြားခံစစ်တလင်းဖြစ်လာစေတဲ့အချက်များစွာအနက် တစ်ခုဖြစ်ပါတယ်။

ဆီးရီးယားနိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံများအပြင် ဒေသတွင်းနိုင်ငံများကလွှမ်းမိုးမှုရယူထိန်းချုပ်လိုနေတဲ့နောက်ထပ်အကြောင်းရင်းတစ်ခုလည်းရှိပါသေးတယ်။ အဲဒါကတော့ ဆီးရီးယားနိုင်ငံရဲ့ပေါများကြွယ်ဝလှတဲ့ သဘာဝသယံဇာတများကြောင့်ဖြစ်ပါတယ်။ ဆီးရီးယားနိုင်ငံဟာ ရေနံနဲ့သဘာဝဓာတ်ငွေ့ပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်းမှာရှိတဲ့ သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကလည်း အဲဒီသယံဇာတတွေကိုပဲ မျက်စောင်းထိုးလာကြပါတယ်။ သူတို့ရဲ့နောက်မှာတော့ ကြိုးကိုင်နိုင်ငံတွေကိုယ်စီရှိတာပေါ့။

အပေါ်မှာပြောခဲ့သလိုမျိုးပဲ ဆီးရီးယားနိုင်ငံမှာ ဘေးအမျိုးမျိုးနဲ့ကြုံနေရချိန် တောမီးလောင်တောကြောင် လက်ခမောင်းခတ်ဆိုသလို အကြမ်းဖက်အဖွဲ့အမျိုးမျိုးက ထကြွသောင်းကျန်းလာပါတယ်။ ဒီလိုမျိုး အကြမ်းဖက်အဖွဲ့တွေ ထကြွသောင်းကျန်းမှုရဲ့အကျိုးဆက်ကိုခံစားရတာက ဆီးရီးယားပြည်သူများပါ။ ဆီးရီးယားပြည်သူတွေဆိုတဲ့ထဲမှာ အာဆတ်အစိုးရကိုကြိုက်သူပါမယ်။ မကြိုက်သူပါမယ်။ ဒီမိုကရေစီကိုလိုလားသူပါမယ်။ မလိုလားသူပါမယ်။ လူအမျိုးမျိုး၊ စိတ်အထွေထွေပေါ့။ ဒါပေမဲ့ ပြည်သူအားလုံးရဲ့နှလုံးသားထဲမှာစွဲမြဲနေအောင်မှတ်သားထားရမယ့်အချက်က ကိုယ့်နိုင်ငံကို အမှန်တကယ်တိုးတက်လိုစိတ်ရှိဖို့နဲ့ ဒီလိုတိုးတက်ဖို့အတွက် နည်းမှန်၊ လမ်းမှန်နဲ့ လုပ်ဆောင်နိုင်တဲ့ဉာဏ်ပညာရှိဖို့ပဲဖြစ်ပါတယ်။

**စာမျက်နှာ ၂၃ သို့ ○**

❍ စာမျက်နှာ ၂၂ မှအဆက်

ဆီးရီးယားနိုင်ငံရဲ့စီးပွားရေးအခြေအနေက ၂၀၁၁ ခုနှစ်မတိုင်မီမှာ အတန်အသင့်တိုးတက်မှုရှိတယ်လို့ ဆိုရမှာပါ။ သမ္မတဘာရှာအယ်အာဆတ်က စီးပွားရေးအတွက်ပြုပြင်ပြောင်းလဲမှုတွေချမှတ်ပြီး အများပိုင်နဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍတွေနဲ့အတူ တိုးတက်မှုတွေရရှိခဲ့တာဖြစ်ပါတယ်။ နိုင်ငံ့ဝင်ငွေအတွက် စိုက်ပျိုးရေး၊ ရေနံတင်ပို့မှုနဲ့ ခရီးသွားလာရေးလုပ်ငန်းအပေါ် အဓိကအားထားနေရတာပါ။ စိုက်ပျိုးရေးဆိုရင်လည်း ရေခံ၊ မြေခံကောင်းသလို ရေနံတင်ပို့မှုကနေလည်း နိုင်ငံ့ဝင်ငွေရဲ့ ၂၅ ရာခိုင်နှုန်းကိုရရှိနေတာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းကတော့ ရှေးဟောင်းမြို့များတည်ရှိရာနိုင်ငံဖြစ်တဲ့အတွက် တော်တော်လေးဝင်ငွေဖြောင့်တယ်လို့ဆိုနိုင်ပါတယ်။ ခရီးသွားလုပ်ငန်းကြီးက အားကောင်းတော့ ဒေသခံပြည်သူတွေလည်းဝင်ငွေကောင်းတာပေါ့။

သို့သော်လည်း ၂၀၁၁ ခုနှစ်ကနေစပြီး ဆီးရီးယားပြည်တွင်းမှာ ပြင်ပနိုင်ငံများရဲ့ဝင်ရောက်စွက်ဖက်မှုတွေကြောင့် ဘက်ပေါင်းစုံကပျက်စီးလာပါတယ်။ နိုင်ငံရဲ့နေရာအနှံ့မှာ တိုက်ပွဲတွေဖြစ်ပွားတဲ့အတွက် စိုက်ပျိုးရေးမလုပ်နိုင်တော့ပါဘူး။ ရေနံအဓိကထွက်ရှိရာနိုင်ငံမြောက်ပိုင်းကို အမေရိကန်ကထောက်ပံ့ပေးထားတဲ့ ကာ့(ဒ်)တပ်ဖွဲ့က ထိန်းချုပ်လိုက်တဲ့အတွက် နိုင်ငံရဲ့ဝင်ငွေလည်းကျဆင်းသွားပါတယ်။ မတည်ငြိမ်မှုတွေဖြစ်နေတဲ့နိုင်ငံမှာ တန်ဖိုးကြီးလှတဲ့ရှေးဟောင်းအဆောက်အအုံတွေဘယ်လောက်ပဲများများ ဘယ်လိုညွှတ်သည်မှမလာတော့ပါဘူး။ ဒီတော့နိုင်ငံတော်အတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ဝင်ငွေတွေ ကျဆင်းသွားရပါတော့တယ်။ ဒါဟာပြည်တွင်းမတည်ငြိမ်မှုကို ပြည်ပဝင်ရောက်စွက်ဖက်မှုအပေါ် ပြည်တွင်းနေပြည်သူများရဲ့ထောက်ခံအားပေးမှုတွေက ပြည်သူတွေရဲ့ဘဝတွေကိုသာ ပိုဆိုးသွားစေတာမျိုးဖြစ်ပါတယ်။ ဒါဟာ လက်တွေ့နမူနာအခြေအနေတစ်ခုပဲရှိပါသေးတယ်။

အခုလည်း ဆီးရီးယားသမ္မတဘာရှာအယ်အာဆတ်ထွက်ပြေးရပြီး တစ်ချိန်က IS စစ်သွေးကြွအဖွဲ့ကိုသစ္စာခံတဲ့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေက အာဏာရသွားပါပြီ။ အဲဒီအဖွဲ့တွေကိုဘယ်သူကထောက်ပံ့ပေးထားလဲဆိုရင် အမေရိကန်ပါ။ အမေရိကန်ဟာ ကမ္ဘာ့စင်မြင့်ထက်မှာ သူ့ရဲ့လွှမ်းမိုးမှုကျဆင်းလာနေတာကို ပြုပြင်နိုင်စေဖို့အတွက် အရှေ့အလယ်ပိုင်းလိုနေရာမှာ အောင်ပွဲတစ်ခုကိုရအောင်ယူပြလိုက်တဲ့သဘောမြင်တွေ့ရပါတယ်။ ဒီအခြေအနေကိုလည်း ၂၀၁၁ ခုနှစ်နောက်ပိုင်းကတည်းက ပျက်သုဉ်းနိုင်ငံဖြစ်လာနေတဲ့ ဆီးရီးယားနိုင်ငံမှ ပြည်သူများဟာ အမှားကနေသင်ခန်းစာမယူနိုင်ဘဲ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တရားဝင်အစိုးရတစ်ရပ်ပြုတ်ကျသွားတာကို ဂုဏ်ယူလို့မဆုံး ပျော်တပြုံးပြုံးဖြစ်နေကြပါတယ်။

အခုဆက်ပြီးတင်ပြသွားမယ့်အကြောင်းအရာကသိုးတွေရဲ့ခြံအပြင်မှာ အသင့်စောင့်ဆိုင်းနေကြတဲ့ ဝံပုလွေလိုမျိုး သားရဲတိရစ္ဆာန်တွေအကြောင်းပါ။ အပေါ်မှာပြောခဲ့ပြီးတာရှိပါတယ်။ ဆီးရီးယားရဲ့နိုင်ငံရေးမှာ ဒေသတွင်းနိုင်ငံများသာမက ဒေသပြင်ပမှ အင်အားကြီးနိုင်ငံများလည်း ပါဝင်နေတယ်ဆိုတာကို အားလုံးသိပြီးဖြစ်မှာပါ။ လက်ရှိအချိန်မှာ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် ဘာရှာအယ်အာဆတ်အစိုးရပြုတ်ကျသွားပေမယ့်လည်း နိုင်ငံအတွင်းမှာ တိုက်ခိုက်မှုတွေ၊ ပရမ်းပတာဖြစ်မှုတွေက ရပ်တန့်လို့ မသွားသေးပါဘူး။ ပြင်သစ်လက်အောက်ခံဘဝကတည်းက နယ်မြေခွဲခြားအုပ်ချုပ်ခံလာရတဲ့ ဆီးရီးယားနိုင်ငံဟာ ယခုအချိန်မှာပတ်ဝန်းကျင်နိုင်ငံများရဲ့ စားတော်ပွဲခေါ်ရာနေရာတစ်ခုအဖြစ် ရောက်မှန်းမသိရောက်လာပါပြီ။

အထင်ရှားဆုံးဥပမာတစ်ခုကိုပြရရင် အစ္စရေးရဲ့နယ်မြေသိမ်းပိုက်မှုပါ။ ၁၉၆၇ ခုနှစ်တုန်းက အစ္စရေးနဲ့ ဆီးရီးယားတို့ကြားဖြစ်ပွားတဲ့ ခြောက်ရက်ကြာစစ်ပွဲမှာ ဆီးရီးယားရဲ့ဂိုလန်ကုန်းမြင့်ကို အစ္စရေးတို့က သိမ်းပိုက်လိုက်နိုင်ပါတယ်။ ၁၉၈၁ ခုနှစ်မှာတော့ အစ္စရေးကအဲဒီဒေသကို သူတို့နိုင်ငံပိုင်ဒေသအဖြစ်ပြဋ္ဌာန်းလိုက်ပေမယ့်လည်း တကယ်တမ်းမှာ နိုင်ငံတကာဥပဒေအရဆိုရင် ဒီလိုသိမ်းပိုက်မှုဟာတရားမဝင်ပါဘူး။ သို့သော် အစ္စရေးအစိုးရကတော့ ၁၉၆၇ ခုနှစ်နောက်ပိုင်းကစပြီး ဂိုလန်ကုန်းမြင့်ဒေသမှာ ဂျူးလူမျိုးတွေကို နေရာချထားခဲ့ပါတယ်။ အခုအခါမှာတော့ အဲဒီဒေသမှာ ဂျူးလူမျိုးတွေကိုနှစ်ဆပိုမိုနေရာချထားဖို့ အစ္စရေးအစိုးရက ဆုံးဖြတ်လိုက်ပါပြီ။ ဒီလိုမျိုးဂျူးလူမျိုးတွေကို အင်အားတိုးမြှင့်နေရာချထားခြင်းဟာ ဂိုလန်ကုန်းမြင့်ဒေသနဲ့ ဆက်စပ်နေတဲ့ နယ်မြေတွေကို အစ္စရေးကဆက်လက်သိမ်းပိုက်နိုင်ဖို့ကြံရွယ်ထားတာဖြစ်ပါတယ်။ ဒါဟာ သူများဆီမှာ အစားခံလိုက်ရတဲ့ ဆီးရီးယားနိုင်ငံရဲ့နယ်မြေအစိတ်အပိုင်းတစ်ခုသာရှိပါသေးတယ်။

အကြမ်းဖက်သောင်းကျန်းသူများက အာဆတ်အစိုးရကိုဖြုတ်ချလိုက်နိုင်ပေမယ့်လည်း အခြားသောသောင်းကျန်းသူအဖွဲ့တွေက သူတို့တည်ရှိရာနေရာတွေကို တရားမဝင်ကိုယ်ပိုင်အုပ်ချုပ်နေကြတာတွေရှိပါတယ်။ အထူးသဖြင့် အစိုးရအာဏာမသက်ရောက်တဲ့နေရာတွေမှာပေါ့။ အာဆတ်အစိုးရပြုတ်ကျသွားပေမယ့်လည်း သူတို့ကတော့ နေမြဲအတိုင်းပါပဲ။ ဆီးရီးယားပြည်သူတွေအတွက်ကတော့ အခြေအနေတွေ ဒီထက်ပိုဆိုးလာဖို့ရာသာရှိပါတယ်။ အခုလိုမျိုးဖြစ်လာရခြင်းသည် အကြမ်းဖက်သောင်းကျန်းသူများကို အားပေးလက်ခံတဲ့ ဆီးရီးယားပြည်သူများအတွက် အကျိုးရလဒ်သာဖြစ်ပါတယ်။

ဆီးရီးယားပြည်သူများဟာ အာဆတ်အစိုးရလက်ထက်မှာ ဖွံ့ဖြိုးတိုးတက်မှုမရှိဘူးလို့ယူဆပြီး ပြင်ပအကူအညီရယူကာ ခြံစည်းရိုးကိုချိုးဖျက်လို့ အပြင်ထွက်ဖို့ ကြိုးစားလာကြပါတယ်။ အခုတော့ ဆီးရီးယားနိုင်ငံရဲ့စည်းရိုးသည်လည်း အကုန်ပေါက်သွားပါပြီ။ ခြံစည်းရိုးအပြင်ဘက်ရောက်ရင်လွတ်လပ်မယ်လို့ မျှော်လင့်ထားကြတဲ့ ဆီးရီးယားပြည်သူများအနေနဲ့လည်း ခြံအပြင်ဘက်မှာအသင့်စောင့်နေတဲ့ ဝံပုလွေများသာမက အခြားသောသားရဲတိရစ္ဆာန်များရဲ့ မြိန်ရှက်စွာပွဲတော်တည်ခြင်းကို မရှုမလှကြီးခံစားကြရတော့မှာ မလွဲကေန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ထက်မြတ်

# ဥရောပသမဂ္ဂအနေဖြင့် အမေရိကန်မှ ရေနံနှင့်ဓာတ်ငွေ့ပိုမဝယ်လျှင် စည်းကြပ်ခွန်တိုးမြှင့်မည်ဟု ထရမ့်ခြိမ်းခြောက်

**ဝါရှင်တန်ဒီစီ၊ စီးပွားရေး**

ဥရောပသမဂ္ဂအနေဖြင့် အမေရိကန်မှ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပိုမိုဝယ်ယူခြင်းမရှိပါက ယင်းသမဂ္ဂမှအမေရိကန်သို့တင်သွင်းနေသော သွင်းကုန်များအပေါ် စည်းကြပ်အခွန်တိုးမြှင့်ကောက်ခံမည်ဟု အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်က ခြိမ်းခြောက်လိုက်သည်။

ဥရောပသမဂ္ဂသည် အမေရိကန်နိုင်ငံနှင့်ပတ်သက်လာလျှင် ဆယ်စုနှစ်များစွာကြာသည်အထိ ကုန်သွယ်ရေးပိုငွေပြနေကြောင်း၊ ထို့ကြောင့် အမေရိကန်ဘက်က ကုန်သွယ်ရေးလိုငွေကို ပြန်ပေးရမည်ဖြစ်ကြောင်း၊ ယင်းအတွက် ဥရောပသမဂ္ဂက အမေရိကန်မှရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပိုမိုဝယ်ယူပေးရမည်ဖြစ်ကြောင်း ထရမ့်က ဒီဇင်ဘာလ ၂၀ ရက်တွင်ပြောသည်။

ဒေါ်နယ်ထရမ့်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ပြီး သမ္မတမဖြစ်မီမှာပင် အမေရိကန်၏အကြီးဆုံးသောကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် မက္ကဆီကို၊ ကနေဒါနှင့် တရုတ်နိုင်ငံတို့ကိုလည်း သွင်းကုန်စည်းကြပ်အခွန်များတိုးမြှင့်ကောက်ခံမည်ဟု ခြိမ်းခြောက်ထားသေးသည်။

ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ အနောက်အုပ်စုက ရုရှားအပေါ်ပိတ်ဆို့မှုများချမှတ်ပြီးနောက် ဥရောပသမဂ္ဂအနေဖြင့်အမေရိကန်မှရေနံနှင့်သဘာဝဓာတ်ငွေ့များအပေါ်ကိုသာ မှီခိုလာရကြောင်း သိရသည်။

Ref: TST





## သတင်းတိုကဏ္ဍ

### မလေးရှားက ပျောက်ဆုံး MH370 လေယာဉ်ကို ထပ်မံရှာဖွေမည်

မလေးရှားအစိုးရသည် လွန်ခဲ့သော ၁၀ နှစ်ကျော်က ပဟေဠိဆန်စွာပျောက်ဆုံးပြီး ယနေ့အထိတိုင် အစအနရှာမတွေ့နိုင်သေးသည့် MH370 လေယာဉ်ကို ထပ်မံရှာဖွေသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

လူပေါင်း ၂၃၉ ဦးကိုတင်ဆောင်လာသည့် Boeing 777 အမျိုးအစား အဆိုပါလေယာဉ်သည် ၂၀၁၄ ခုနှစ် မတ်လ ၈ ရက်တွင် ကွာလာလမ်ပူမြို့မှ ပေကျင်းမြို့သို့ပျံသန်းစဉ်ပျောက်ဆုံးသွားခြင်းဖြစ်သည်။

ထိုလေယာဉ်ကို လေကြောင်းလုပ်ငန်းသမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးဖြစ်သည့်ရှာဖွေမှုများဖြင့် ရှာဖွေခဲ့သော်လည်း ယခုအချိန်အထိ ပြန်လည်မတွေ့ရှိရသေးခြင်းဖြစ်သည်။

သို့သော် Ocean Infinity ကုမ္ပဏီက ယင်းလေယာဉ်ကိုထပ်မံရှာဖွေရန် ခွင့်ပြုချက်တောင်းခံမှုအပေါ် မလေးရှားအစိုးရကခွင့်ပြုပေးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

Ref: BP

### ဂျာမနီ၌ ခရစ္စမတ်ဈေးပွဲတော်တစ်ခုကို ကားတစ်စီးဝင်တိုက် လူငါးဦးသေဆုံးပြီး ၂၀၀ ကျော်ဒဏ်ရာရ

ဂျာမနီနိုင်ငံ မက်ဒီဘာ့မြို့ရှိ ခရစ္စမတ်ဈေးပွဲတော်တစ်ခုကို ကားတစ်စီးက ဝင်တိုက်ရာ အနည်းဆုံးလူငါးဦးသေဆုံးပြီး အယောက် ၂၀၀ ကျော်ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုသည် ဒီဇင်ဘာလ ၂၀ ရက်ညပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ပြီး ထိုဖြစ်စဉ်မှ ယာဉ်မောင်းသူဟုသံသယရှိသူ ဆော်ဒီအာရေဗျနိုင်ငံသားတစ်ဦးကိုဖမ်းဆီးထိန်းသိမ်းထားကြောင်း တာဝန်ရှိသူများကပြောသည်။

ထိုကဲ့သို့ယာဉ်တိုက်မှုသည် လူပေါင်းများစွာကိုသေဆုံး၊ ဒဏ်ရာရရှိမှုများဖြစ်ပေါ်စေသည့်အတွက် တကယ်ကြောက်စရာကောင်းသည့်လုပ်ရပ်တစ်ခုဖြစ်သည်ဟုဂျာမနီဝန်ကြီးချုပ် အိုလက်ရှော့ကပြောသည်။

ယာဉ်တိုက်မှုကျူးလွန်သူသည် ဂျာမနီနိုင်ငံ၌ ဆယ်စုနှစ်နှစ်ခုကျော်ကြာနေထိုင်နေသည့်ဆော်ဒီအာရေဗျနိုင်ငံသားဆရာဝန်တစ်ဦးဖြစ်ပြီး ဒဏ်ရာရရှိသူများအနက် အယောက် ၄၀ နီးပါးမှာပြင်းထန်ဒဏ်ရာများရရှိထားကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယင်းအမျိုးသားသည် ၎င်း၏ X လူမှုကွန်ရက်စာမျက်နှာတွင် အစွန်းရောက်အမြင်များကိုရေးသားလေ့ရှိသော်လည်း မည်သည့်အတွက်ကြောင့် ယခုပြစ်မှုကို ကျူးလွန်ရသည်နှင့်ပတ်သက်၍ မသိရှိရသေးကြောင်းသိရသည်။

Ref: TST

## မြန်အောင်မြို့နယ်၌ သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ

မြန်အောင် ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှထွက်ရှိသည့် သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဖြူအောင်၏ပြောကြားချက်အရ သိရသည်။

မြန်အောင်မြို့နယ်မှထွက်ရှိသည့် သခွားသီးများကို ကုန်စိမ်းဈေးကွက်၌ ဒီဇင်ဘာလ ပထမပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ လက်ရှိတွင် တစ်ရက်လျှင် သခွားသီးအလုံး ၂၅၀၀၀ မှ ၄၀၀၀၀ အထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကနေ ထွက်ရှိတဲ့ သခွားသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို သခွားသီးအလုံး ၂၅၀၀၀ ကနေ ၄၀၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့သခွားသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်ပါတယ်။ တခြားဒေသတွေမှာ မြန်အောင်မြို့နယ်ကုန်စိမ်းဈေးကွက်က သခွားသီးတွေ အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်သခွားသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့တောင်သူတွေ အခွင့်အလမ်း ပိုမိုရရှိလာပါတယ်" ဟု ဒေါ်ဖြူအောင်ကပြောသည်။

မြန်အောင်မြို့နယ်၌ လက်ရှိတွင် သခွားသီးအပါအဝင် ဒေသထွက်ရာသီကုန် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန် ဖြစ်ကြောင်း၊ အဆိုပါသခွားသီးများ ဝယ်လိုအားကောင်းလာသည့်အတွက် တိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း သိရသည်။

**သုတကျော်**

## မြိတ်ခရိုင်မှ ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၃၆၀၀၀ ကျော် တင်ပို့ထား



မြိတ် ဒီဇင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မှ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၃၆၀၀၀ ကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၄၂ သန်းကျော် ရရှိခဲ့ကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြိတ်ခရိုင်မှထွက်ရှိသော ရေထွက်ကုန်များကို မော်တောင်ကုန်သွယ်ရေးစခန်းနှင့် ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့တင်ပို့လျက်ရှိပြီး ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း စုစုပေါင်းရေထွက်ကုန်တန်ချိန် ၃၆၄၅၄ ဒသမ ၉၃ တန် တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၈၅ သန်း ရရှိခဲ့သည်။

"မြိတ်ဒေသမှာ ငါးမွေးမြူရေးကန်တွေနဲ့ ပင်လယ်ပြင်ကနေထွက်ရှိတဲ့ ရေထွက်ကုန်အမျိုးအစားပေါင်း ၆၀ ကျော်လောက်ရှိပါတယ်။ အဲဒီရေထွက်ကုန်တွေကို မော်တောင်ကုန်သွယ်ရေးစခန်းကနေတစ်ဆင့် ထိုင်းနိုင်ငံကို တင်ပို့တာရှိတယ်။ ကော့သောင်း ကုန်သွယ်ရေးစခန်းကနေတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းဘက်ကို တင်ပို့တာလည်းရှိပါတယ်။ မြိတ်ဒေသက ထွက်ရှိတဲ့ငါးတွေကို အမှုန့်ကြိတ်ပြီး ရလာတဲ့ တိရစ္ဆာန်အစာတွေနဲ့ ပင်လယ်ပြင်က ဖမ်းယူရရှိတဲ့ငါးတွေထဲက တချို့ငါးတွေကို ကော့သောင်းကုန်သွယ်ရေးစခန်းကနေတစ်ဆင့် ရနောင်းဘက်ကို တင်ပို့တယ်။ မော်တောင်ကုန်သွယ်ရေးစခန်းဘက်ကနေ တင်ပို့တာတွေကတော့ ငါးအရှင်၊ ကျောက်ပုစွန်၊ ကျောက်ငါး၊ ဂျင်းခရု၊ ရှပ်ခရု စတဲ့ရေထွက်ကုန်တွေကို တင်ပို့ပါတယ်"ဟု မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦးကပြောသည်။

မြိတ်ခရိုင်၌ ငါးသယံဇာတများ ရေရှည်ပေါ်များ ကြွယ်ဝစေရေးအတွက် မွေးမြူရေးကဏ္ဍမြှင့်တင်ခြင်းနှင့် ငါးသယံဇာတထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရေငန်ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် သုတေသနရန်ပုံငွေတစ်ရပ် ထူထောင်ကာ ရေငန်ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

## မြိတ်တက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ



မြိတ် ဒီဇင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်တက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာလ ၂၀ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြိတ်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဝါဝါထွန်းက ဝိဇ္ဇာဘာသာရပ်များအကြောင်းနှင့် အဏ္ဏဝါသိပ္ပံပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာချယ်ရီအောင်က သိပ္ပံဘာသာရပ်များအကြောင်းတို့ကို ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် တတိယဆုရရှိသော ဓာတုဗေဒဌာနမှ သရုပ်ပြ ဦးဟိန်းထက်စိုး၊ ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရေးဦးပြုစုခြင်းကဗျာပြိုင်ပွဲ (အင်္ဂလိပ်ဘာသာ)တွင် နိုင်ငံတော်အဆင့် တတိယဆုရရှိသော မြိတ်တက္ကသိုလ် ကြက်ခြေနီအသင်းဝင် မဇင်သဲခိုင်နှင့် နေပြည်တော်၌ ကျင်းပသည့် Myanmar National League II (2024) ဘောလုံးပြိုင်ပွဲ UNIVERSITY FC အသင်းတွင် ဒုတိယဆုရရှိသော မြိတ်တက္ကသိုလ်ကိုယ်စားပြု မောင်နေလင်းကိုကို (ဘူမိဗေဒအထူးပြု)တို့အား ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## နန်းယွန်းမြို့နယ် ပန်ဆောင်ဒေသအတွင်း စိုက်ပျိုးရေများဖြန့်ဝေနိုင်ရန် ရေလှောင်ဆည်ငယ်များတည်ဆောက်မည်

နန်းယွန်း ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ပန်ဆောင်ဒေသအတွင်းရှိ လယ်ယာမြေများအတွက် စိုက်ပျိုးရေများဖြန့်ဝေပေးနိုင်ရန် ရေလှောင်ဆည်ငယ် ၁၂ ခု တည်ဆောက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

အဆိုပါရေလှောင်ဆည်ငယ်များ တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုငွေနှင့် တိုင်းဒေသကြီးခွင့်ပြုငွေများအသုံးပြုကာ ဘဏ္ဍာနှစ်အလိုက် စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ထိုရေလှောင်ဆည်ငယ် ၁၂ ခု တည်ဆောက်ပြီးစီးပါက ယင်းဒေသအတွင်းရှိ လယ်ယာမြေများအတွက် စိုက်ပျိုးရေများ ဖူလုံစွာရရှိစေရန် စနစ်တကျဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ပန်ဆောင်ဒေသမှာ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးတဲ့အခါ စိုက်ပျိုးရေလိုအပ်တာတွေရှိပါတယ်။ တချို့နေရာတွေမှာ မိုးရာသီဆိုရင် ရေကြီးနစ်မြုပ်မှုတွေလည်း ကြုံရပါတယ်။ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်အောင် ဘဏ္ဍာနှစ်အလိုက် ရေလှောင်ဆည်ငယ်တွေ တည်ဆောက်ပေးပါမယ်။ ရေကြီးနစ်မြုပ်မှုကနေ ကာကွယ်နိုင်ဖို့အတွက်လည်း ရေနုတ်မြောင်းတွေတူးဖော်မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ပန်ဆောင်ဒေသတွင် ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရန် ရေနုတ်မြောင်းများကို နေရာ ၃၅ ခု၌ တူးဖော်ပေးမည်ဖြစ်ကာ ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုရေနုတ်မြောင်းများတူးဖော်ပြီးစီးပါက မိုးရာသီတွင် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး စပါးစိုက်ပျိုးမှုများ ပိုမိုဖြစ်ထွန်းအောင်မြင်လာနိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေဖြင့် နန်းယွန်းမြို့နယ် ပန်ဆောင်ဒေသ နောင်ယန်းအင်းအဝင်ရှိ နောင်ယန်းချောင်းအား သဲနုန်းတူးဖော်ခြင်းလုပ်ငန်းနှင့် ရေလှောင်ဆည်ငယ်တစ်ခုတည်ဆောက်ခြင်းလုပ်ငန်းများအပြင် တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် ရေလှောင်ဆည်ငယ်နှစ်ခု တည်ဆောက်ခြင်းကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

**ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အတွက် ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁၁ ခန်းမှ သင်ခန်းစာအားလုံးကိုလေ့လာထားရပါမည်။ သင်္ချာပုစ္ဆာများကို ကိုယ်တိုင်စဉ်းစား တွက်ချက်ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရပါမည်။ သင်္ချာဘာသာရပ်အတွက် စာမေးပွဲတွင် Non–programmable Calculator ကို အသုံးပြုနိုင်ပါသည်။

သင်္ချာမေးခွန်းလွှာသည် ဖြေဆိုချိန် (၃)နာရီဖြစ်ပြီး **Section A**၊ **Section B**၊ **Section C** နှင့် **Section D** အပိုင်း ၄ ပိုင်း ပါရှိပါသည်။

**Section A** မေးခွန်းနံပါတ် 1 မှ 10 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၁ မှတ် ဖြစ်ပါသည်။ တစ်ပုဒ်လျှင် A, B, C, D တို့မှ တစ်ခုရွေးချယ်ရမည့် ဓမ္မဓိဋ္ဌာန် ပုံစံဖြစ်ပါသည်။

**Section B** မေးခွန်းနံပါတ် 11 မှ 20 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၂ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာရေးရမည့် ပုံစံဖြစ်ပါသည်။

**Section C** မေးခွန်းနံပါတ် 21 မှ 30 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၃ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျ ရေးပြရန် လိုအပ်ပါသည်။

**Section D** မေးခွန်းနံပါတ် 31 မှ 38 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၅ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျ ရေးပြရန် လိုအပ်ပါသည်။

မေးခွန်းလွှာတွင် အခန်းအားလုံးပါဝင်မည် ဖြစ်ပါသည်။

- အခန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှ ၅၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- အခန်း ၇ (Section 7.5 မပါ) နှင့် အခန်း ၈ (Section 8.2, Section 8.4 မပါ) တို့မှ ၁၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- Section 7.5, Section 8.2, Section 8.4 နှင့် အခန်း ၉၊ အခန်း ၁၀၊ အခန်း ၁၁ ပါဝင်သော calculus အပိုင်းမှ အမှတ် ၃၀ ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းအားလုံး ဖြေဆိုရမည် <u>Answer **ALL** Questions</u> ဖြစ်ပြီး စဉ်းစားတွက်ချက် ဖြေဆိုရမည့် ပုစ္ဆာအမျိုးအစားများ ဖြစ်ပါသည်။ မေးခွန်းလွှာ၏ အခန်းအလိုက် အမှတ်ပေးမှုဇယားကို ဖော်ပြထားပါသည်။

| Chapter | Section A | Section B | Section C | Section D | Total |
|---|---|---|---|---|---|
| 1 | 1 | 2 | 3 | 5 | 11 |
| 2 | - | - | 3 | 5 | 8 |
| 3 + 4 | 1 | 2 | 3+3 | 5 | 14 |
| 5 | 1 | 2 | 3 | 5 | 11 |
| 6 | 1 | 2 | 3 | 5 | 11 |
| 7.1, 7.2, 7.3, 7.4 | 1 | 2 | - | 5 | 8 |
| 8.1, 8.3 | 1+1 | 2 | 3 | - | 7 |
| 9 + (7.5, 8.2, 8.4) | 1 | 2 | 3 | 5 | 11 |
| 10 | 1 | 2+2 | 3 | - | 8 |
| 11 | 1 | 2 | 3 | 5 | 11 |
| Total | 10 | 20 | 30 | 40 | 100 |

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆွေးနွေးရှင်းလင်းတင်ပြပါမည်။

**Chapter 1 Complex Numbers** အခန်းတွင် ပထမဦးစွာ Pure Imaginary Unit $i$ ကို မိတ်ဆက်တင်ပြပါသည်။ ကိန်းစစ် $x$ အတွက် $x$ သည် သုညဖြစ်လျှင် $x^2$ သည် သုည၊ $x$ သည် သုညမဟုတ်လျှင် $x^2$ သည် သုညထက်ကြီးသည့်အချက်အရ ညီမျှခြင်း $x^2 = -4$ တွင် ကိန်းစစ်အဖြေမရှိပါ။ အကယ်၍ ကိန်းစစ်မဟုတ်သော ကိန်းအမျိုးအစား တစ်ခုခု ($i$ ဟုထားပါစို့)ရှိပြီး သိထားပြီး အက္ခရာသင်္ချာလုပ်ထုံးများအတိုင်း တွက်ချက်နိုင်သည့် အပြင် $i^2 = -1$ ဖြစ်နေပါက $(2i)^2 = 4i^2= 4(-1)=-4$ နှင့် $(-2i)^2 = 4i^2= 4(-1)=-4$ ဖြစ်သည့်အတွက် $x^2=-4$ ညီမျှခြင်းအတွက် $2i$ နဲ့ $-2i$ အဖြေ နှစ်ခုရရှိပါမည်။ ထို့ကြောင့် $i$ နှင့် ကိန်းစစ်တို့တွဲဖက်၍ ကိန်းစစ်စနစ်ကို တိုးချဲ့စဉ်းစားနိုင်ရန်အတွက် Complex number $x + yi$ ကို ကိန်းစစ် x နှင့် y ၏ ordered pair (x, y) အဖြစ် (x, y) တို့၏ Equality နှင့် Operation များဖြစ်သော ပေါင်းခြင်းနှင့် မြှောက်ခြင်းတို့အရ အဓိပ္ပာယ်သတ်မှတ်ပါသည်။ Complex number တို့၏ ပေါင်းနုတ်မြှောက်စားလုပ်ထုံးများ၊ Complex number ၏ Conjugate၊ Absolute Value များကို တင်ပြထားပြီး Complex number တစ်ခု၏ Trigonometric Form ကို ဖော်ပြထားပါသည်။ Trigonometric Form ကို အသုံးပြု၍ တွက်ချက်ခြင်းများနှင့် Complex number တစ်ခု၏ root များရှာပုံကိုလည်း ဖော်ပြထားပါသည်။

**Chapter 2 Mathematical Induction** အခန်းတွင် ပုစ္ဆာပါ ပေးထားချက်မှ သဘာဝကိန်း $n$ နှင့် သက်ဆိုင်သော Statement မှန်ကန်ကြောင်းသက်သေပြရာတွင်

- ပထမဦးစွာ $n = 1$ အတွက် မှန်ကန်ကြောင်း (Initial Step) သက်သေပြရသည်။
- ထို့နောက် Induction Hypothesis ဖြစ်သည့် $n = k$ အတွက် မှန်ကန်သည်ဟုထား၍
- $n = k + 1$ အတွက် မှန်ကန်ကြောင်း သက်သေပြပြီး

ပေးထားချက် Statement သည် သဘာဝကိန်း အားလုံးအတွက် မှန်ကန်သည်ဟု ကောက်ချက်ချသည်။

သတိပြုရမည့်အချက်မှာ ပုစ္ဆာတွင် သဘာဝကိန်း $n$ သည် ဖော်ပြထားချက် Statement ကို မည်သည့်သဘာဝကိန်းမှစ၍ မှန်ကန်သည့် Statement ဖြစ်သည်ကို သတိပြုရမည်။ ဥပမာ $n \geq 5$ ဟုပေးထားလျှင် 5 အောက်ငယ်သော သဘာဝကိန်းများအတွက် သက်သေပြရန်မလိုပေ။ သဘာဝကိန်း 5 နှင့် ယင်းထက်ကြီးသောကိန်းများအတွက်သာမှန်ကန်သဖြင့် Initial Step တွင် ပေးထားသော Statement အတွက် မှန်ကန်ကြောင်းကို $n = 5$ မှစ၍ သက်သေပြရမည်ကို သတိပြုရမည်။

**Chapter 3 Analytical Solid Geometry** အခန်းတွင် Three Dimensional Space ထဲရှိ Point တစ်ခု၏ Coordinates များ သတ်မှတ်ရေးသားပုံ၊ ပြင်ညီများ (planes) ၏ Equations များနှင့် Coordinates တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယင်း Planes များနှင့်ပြိုင်နေသော ပြင်ညီများ၊ ထောင့်မှတ်ကျနေသော မျဉ်းများ၏ Equations နှင့် Directed Values၊ Parallel Lines၊ Skew Lines နှင့် Perpendicular Lines များကိုဖော်ပြထားသည်။ Directed Values များကိုအသုံးပြု၍ Coordinates form of the Line Equation $(x,y,z)=(x_1+kl,\ y_1+km,z_1+kn)$ ရေးသည်။ Directed Values များ သုညနှင့်မတူပါက $\frac{x-x_1}{l}=\frac{y-y_1}{m}=\frac{z-z_1}{n}$ ဟုရေးနိုင်သည်။

Line တစ်ခုထဲပေါ်တွင် မကျရောက်သော အမှတ်သုံးမှတ်ကို သိလျှင် Plane Equation ကိုရှာနိုင်ပြီး Sphere တစ်ခု၏ Center နှင့် Radius တို့ကိုသိလျှင် ထို Sphere Equation ကိုရှာနိုင်သည်။

**Chapter 4 Vector Algebra** အခန်းတွင် Three–dimensional Rectangular Coordinate System ရှိ vector များ၏ algebraic operations များ၊ Equal and Parallel vectors များ၊ Unit vector နှင့် Collinear points များပါဝင်သည်။ vector များ၏ အရေးကြီးသော operation များဖြစ်သည့် Scalar Product နှင့် Vector Product များကို နားလည်ထားရမည်။ Scalar Product ဆိုသည်မှာ algebraic နည်းအရဆိုလျှင် သက်ဆိုင်ရာ coordinate တန်ဖိုးများမြှောက်၍ ပေါင်းခြင်းဖြစ်ပြီး geometry နည်းအရဆိုလျှင် vectors နှစ်ခု၏ ပမာဏများနှင့် ယင်းတို့ကြားရှိ ထောင့်၏ cosine အချိုးတို့ မြှောက်ခြင်းနှင့်တူကြသည်။ scalar product ၏ algebraic နှင့် geometry ဂုဏ်သတ္တိများကိုနားလည်မှသာ ပုစ္ဆာများကို တွက်နိုင်မည်ဖြစ်သည်။ Scalar Product သည် Two–dimensional နှင့် Three–dimensional နှစ်ခုစလုံးတွင် တွက်နိုင်သော်လည်း Vector Product သည် Three–dimensional တွင်သာ တွက်နိုင်သည်။ Vector Product ကို သိခြင်းအားဖြင့် အနားပြိုင်စတုဂံ၏ ဧရိယာကိုသိရှိနိုင်ပြီး ထိုမှတစ်ဆင့် တြိဂံတစ်ခု၏ ဧရိယာကိုလည်း ဆက်လက်၍သိရှိနိုင်သည်။ Vector Product ၏ algebraic နှင့် geometric ဂုဏ်သတ္တိများကိုလည်းသိရှိထားရပါမည်။ ထို့နောက် line တစ်ခု၏ direction vector နှင့် ထို line ပေါ်ရှိ အမှတ်တစ်မှတ်သိလျှင် ထို line ၏ equation ကိုရှာနိုင်သည်။ plane ပေါ်ရှိ ကြိုက်ရာအမှတ်တစ်မှတ်၊ plane နှင့်ဆိုင်သော ကြိုက်ရာမပြိုင်သော vector နှစ်ခုကိုအသုံးပြု၍ plane ညီမျှခြင်း ရှာနိုင်သည်။ ထို့ပြင် Plane တစ်ခု၏ Normal Vector နှင့် Plane ပေါ်ရှိ အမှတ်တစ်မှတ်ကိုသိလျှင် ထို Plane Equation ရှာနိုင်ပါသည်။

**Chapter 5 Permutations and Combinations** အခန်းတွင် Counting Principle များနှင့် ဆက်စပ်၍ Permutations နှင့် Combinations ဆိုင်ရာ တွက်ချက်မှုများကို ပြုလုပ်ရမှာဖြစ်ပါသည်။ Permutation ဆိုသည်မှာ An Ordered Arrangement တစ်ခုကိုဆိုလိုခြင်းဖြစ်ပြီး Combination ဆိုသည်မှာ An Unordered Collection တစ်နည်းအားဖြင့် Choice တစ်ခုပင်ဖြစ်သည်။ ဤအခန်း၌ တွက်ချက်ဖြေရှင်းရာတွင် အသုံးဝင်သည့် $n!$, $^np_r$ , $^nc_r$ စသည့် Notation များ၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ယင်းတို့၏ ဆက်သွယ်ချက်များနှင့် အသုံးပြုပုံများကို သိရှိရန်လိုပါမည်။ ထို့ပြင် Finite set တစ်ခု၏ အစုပိုင်း အရေအတွက်ကို နည်းလမ်းနှစ်ခုဖြင့်ရှာနိုင်ပုံ၊ ယင်းတို့ကို အခြေခံ၍ ဖော်ထုတ်ထားသော Binomial coefficient ဆိုင်ရာ ထပ်တူညီချက်နှင့် Counting Problem များဖြေရှင်းရာတွင် အသုံးပြုနိုင်ပုံတို့ကိုလည်း သိရှိရန်လိုသည်။ Miscellaneous Counting Problems အပိုင်း၌ Arrangement များ၏ Pattern (ဥပမာ ပုစ္ဆာတွက်ရာ၌ Form ဟု သုံးနှုန်းထားပါသည်) များဖော်ထုတ်စဉ်းစားခြင်းကဲ့သို့သော နည်းလမ်းများပါပေါင်းစပ်အသုံးပြု၍ Counting problem များကို ဖြေရှင်းရမည်ဖြစ်ပါသည်။ ပုစ္ဆာများကို နည်းမှန်၊ လမ်းမှန် စဉ်းစားဖြေရှင်းတတ်အောင် လေ့ကျင့်ထားမှသာ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ပါလိမ့်မည်။

**Chapter 6 Conic Sections** အခန်းတွင် ဗဟို (h, k) နှင့် အချင်းဝက် r ရှိသော စက်ဝိုင်း၏ standard equation $(x-h)^2+(y-k)^2=r^2$ ကိုဖော်ပြထားသည်။ ထို standard equation ကို ဖြန့်ခြင်းအားဖြင့်ရရှိသော ညီမျှခြင်းပုံစံ $x^2+y^2+2gx+2fy+c=0$ ကို စက်ဝိုင်း၏ general equation ဟုခေါ်သည်။ $x^2+y^2+2gx+2fy+c=0$ ကို နှစ်ထပ်ကိန်းတိနည်းအရ $(x+g)^2+(y+f)^2=g^2+f^2-c$ ဟု standard equation ပုံစံမြင်နိုင်၍ စက်ဝိုင်း၏ဗဟို $(-g, -f)$ နှင့် အချင်းဝက် $\sqrt{g^2+f^2-c}$ ရသည်။ ဆက်လက်ပြီး parabola equation များ အကြောင်းကို တင်ပြထားသည်။ $y^2=4px$ ၌ axis of symmetry သည် x– axis (horizontal axis, $y = 0$) ဖြစ်မည်။ Focus သည် (p,0) အမှတ် ဖြစ်ပြီး directrix သည် $x = -p$ မျဉ်းဖြစ်သည်။ x ၏ မြှောက်ဖော်ကိန်းသည် အပေါင်းဖြစ်သည့်အတွက် parabola သည် ညာဘက်သို့ ပွင့်နေမည်။ ထိုနည်းတူစွာ $y^2=-4px$ , $x^2=4py$ နှင့် $x^2=-4py$ တို့အတွက်လည်း စဉ်းစားနိုင်သည်။ Translation of Axes ကို အသုံးပြု၍ Translated Parabola များ $(y-k)^2=4p(x-h)$, $(y-k)^2=-4p(x-h)$, $(x-h)^2=4p(y-k)$ နှင့် $(x-h)^2=-4p(y-k)$ အတွက်လည်း စဉ်းစားနိုင်သည်။ Rotation of Axes သုံးရသော ပုစ္ဆာများကို တွက်ရာတွင် တစ်ဆင့်ချင်းစီကိုသတိထားတွက်သင့်သည်။

**Chapter 7 Trigonometric Functions** အခန်းတွင် Trigonometric function ခြောက်မျိုး၏ Sine, Cosine, Tangent, Cotangent, Secant နှင့် Cosecant တို့၏ Graph များကို ဆွဲသားတတ်ရမည်။ Graph ဆွဲသားခြင်းနှင့်ပတ်သက်၍ ပုံစံ (၂) မျိုးဖြင့်မေးနိုင်သည်။ ပထမပုံစံမှာ "From the graph of $y=\sin x$, draw step–by–step transformation graphs to get the graph of $y=2\sin\frac{\pi}{2}x$." ဖြစ်သည်။ ဖြေဆိုရာတွင် $y=\sin x$ မှစ၍ transformation တစ်ဆင့်ချင်းစီကို ဆွဲသားပေးရမည်ဖြစ်သဖြင့် Graph တစ်ခုထဲတွင် curve သုံးကြောင်း ဆွဲသားရမည်။ နောက်ဆုံးအဖြေဖြစ်သော $y=2\sin\frac{\pi}{2}x$ တွင် Five key points: maximum point, minimum point နှင့် x–intercepts တို့ ပြည့်စုံစွာပါဝင်ရမည်။ ဒုတိယပုံစံမှာ "Draw the graph of $y=2\sin\frac{\pi}{2}x$." ကဲ့သို့သော မေးခွန်းမျိုးဖြစ်သည်။ ယင်းမေးခွန်းကို ဖြေဆိုရာတွင် Graph ထဲတွင် $y=2\sin\frac{\pi}{2}x$ ၏ curve တစ်ကြောင်းသာ ဆွဲသားရန်လိုအပ်ပြီး Five key points: maximum point, minimum point နှင့် x–intercepts တို့ ပြည့်စုံစွာ ပါဝင်ရမည်။ ထို့ပြင် Trigonometric Function နှင့် Inverse Trigonometric Function တို့၏ Domain နှင့် Range တို့ကိုလည်း သိထားရမည့်အပြင် Trigonometric Functions တို့၏ Derivative Formula များကိုလည်း သိထားသင့်ပါသည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင်လေ့ကျင့်ထားရန်လိုအပ်သည်။ ပုစ္ဆာများကို မေးခွန်းနားလည်အောင်ဖတ်ပြီးမှ တွက်စေလိုပါသည်။

စာမျက်နှာ ၂၆ သို့ ◆

◆ စာမျက်နှာ ၂၅ မှအဆက်

**Chapter 8 Logarithmic and Exponential Functions** အခန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် Logarithmic Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်း၊ ဒုတိယအပိုင်းတွင် Exponential Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် Logarithm Functions နှင့် Exponential Functions တို့၏ Derivative Formula များကိုလည်း သိထားရပါမည်။ Graph များဆွဲသားရာတွင် Chapter 7 ကဲ့သို့ပင် ပုံစံနှစ်မျိုးမေးနိုင်သဖြင့် ပုစ္ဆာများကို နားလည်အောင် ဖတ်ပြီးမှ ဆွဲသားစေလိုပါသည်။ လိုအပ်သော data များကိုလည်း graph တွင် ပြည့်စုံအောင် ရေးသားရမည့်အပြင် Logarithm Functions နှင့် Exponential Functions တို့၏ Domain, Range နှင့် Asymptote Line များကိုလည်း သိထားရမည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင် လေ့ကျင့်ထားရန်လိုအပ်သည်ကိုထပ်မံသတိပေးပါသည်။

**Chapter 9 Application of Differentiation** အခန်းတွင်Tangent Line Equation နှင့် Normal Line Equation များ၊ Critical Points ရှာခြင်း၊ Maximum Point နှင့် Minimum Point တို့ကို First Derivative Test သို့မဟုတ် Second Derivative Test သုံး၍ရှာခြင်း၊ Inflection Points ရှာခြင်း ဟူသောအချက်များသိထားရပါမည်။ ပေးထားမည့်ဖန်ရှင်များသည် Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions စသည့် ဖန်ရှင်အစုံဖြစ်နိုင်သဖြင့် ယင်းတို့ကို Differentiate လုပ်တတ်ရန် လိုအပ်ပါသည်။ ထို့ပြင် ဖန်ရှင်၏ Linearization အကြောင်းများကိုလည်း သိထားရပါမည်။

**Chapter 10 Methods of Integration** အခန်းတွင် သင်ကြားပြီးခဲ့သည့် အခြေခံဖန်ရှင်များဖြစ်သော Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions တို့ကို Integration လုပ်ခြင်း၊ Integration ၏အခြေခံလုပ်ထုံးများဖြစ်သော Rules of Integration များအပြင် Integration Method များဖြစ်သော Substitution Method, Integration by Parts Method, Partial Fraction Method တို့ကိုလည်း သိထားရမည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် Integration ပြုလုပ်ပြီးပါက Integration Constant C မကျန်စေရန် သတိပြုရမည်။

**Chapter 11 Application of Integration** အခန်းတွင် Definite Integration များကို မှန်မှန်ကန်ကန် တွက်တတ်ရပါမည်။ အခန်း (၁၀) တွင် သင်ယူခဲ့ရသော Integration Method များကို မှန်မှန်ကန်ကန်သုံး၍ Lower Limit နှင့် Upper Limit များအစားသွင်းလျှင် သတိထားတွက်ချက်ရမည်။ ဤအခန်းတွင် ပေးထားသော Curve နှင့် x–axis ကြားရှိ ဧရိယာကိုရှာခြင်း၊ ပေးထားသော Curve နှစ်ခုအကြားရှိ ဧရိယာကိုရှာခြင်းတို့အပြင် ထုထည်ရှာနည်းများဖြစ်သော Method of Slicing နှင့် Volume of Revolution တို့ကိုလည်းသိရမည်။

စာမေးပွဲဖြေဆိုရာတွင် အောက်ပါအချက်များကိုသတိပြုပါ။

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးပါ။
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုပါ။
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့်၊ အရေးကြီးသောအဆင့်များပါပါစေ။
- မေးခွန်းတွင်အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုပါ။
- မိမိဖြေဆိုလိုသည့် မေးခွန်းကို မေးခွန်းနံပါတ်တပ်၍ဖြေဆိုပါ။ (မေးခွန်းအစဉ်အတိုင်းဖြေဆိုရန်မလိုပါ။)

သင်္ချာမေးခွန်းနံပါတ်အလိုက် အခန်းပါဝင်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

<u>Answer **ALL** Questions</u>. Write your answers in the answer booklet.

**Section A (Each question carries 1 mark.)**

Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.

1. Chapter 1
2. Chapter 3, Chapter 4
3. Chapter 5
4. Chapter 6
5. Chapter 7 Section 7.1, 7.2, 7.3, 7.4
6. Chapter 8 Section 8.1
7. Chapter 8 Section 8.3
8. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
9. Chapter 10
10. Chapter 11

**Section B (Each question carries 2 marks.)**

<u>Write only the solution of each question.</u> (There is no need to show your working.)

11. Chapter 1
12. Chapter 3, Chapter 4
13. Chapter 5
14. Chapter 6
15. Chapter 7 Section 7.1, 7.2, 7.3, 7.4
16. Chapter 8 Section 8.1, Section 8.3
17. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
18. Chapter 10
19. Chapter 10
20. Chapter 11

**Section C (Each question carries 3 marks.)**

21. Chapter 1
22. Chapter 2
23. Chapter 3, Chapter 4
24. Chapter 3, Chapter 4
25. Chapter 5
26. Chapter 6
27. Chapter 8 Section 8.1, Section 8.3
28. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
29. Chapter 10
30. Chapter 11

**Section D (Each question carries 5 marks.)**

31. Chapter 1
32. Chapter 2
33. Chapter 3, Chapter 4
34. Chapter 5
35. Chapter 6
36. Chapter 7 Section 7.1, 7.2, 7.3, 7.4
37. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
38. Chapter 11

သင်္ချာဘာသာရပ်တွင် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် စဉ်းစားတွက်ချက်ဖြေဆိုနိုင်၍ အလွတ်ကျက်မှတ် ရေးသားဖြေဆိုနေရခြင်းမျိုး ကင်းရှင်းကြပါစေ။

ကျောင်းသား၊ ကျောင်းသူများ မိမိကိုယ်စီကိုယ်စီ ရည်ရွယ်ရာအောင်မြင်မှုအသီးသီးရရှိကြပါစေဟုဆန္ဒပြုအပ်ပါသည်။

# ပွင့်ဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး



ပွင့်ဖြူ ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်လှကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးခြင်းကို ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်က လယ်လှကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများနှင့် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ ၊ ချေးငွေ အတိုးနှုန်းများနှင့် ပြန်လည်ပေးဆပ်ရမည့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်လှကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၄ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၂-၂၀၂၄(တနင်္ဂနွေနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈:၀၅ မောင်မယ်လေးများသီချင်း
၅။ ၉:၄၅ အမှတ်တရနေ့ရက်များ
၆။ ၁၀:၅၀ စာပေအလင်းစာပေသတင်း
၇။ ၁၁:၂၀ ပြည်သူ့ကြားက ပြည်သူ့စကား
၈။ ၁၂:၅၀ ရေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၉။ ၁၃:၁၅ မျှဝေဆွေးနွေးလူငယ့်အရေး
၁၀။ ၁၄:၁၀ ဓာတ်လမ်းတို
၁၁။ ၁၉:၀၀ **(၃၈) ဖြာမင်္ဂလာ အရိယာ သစ္စာန ဒဿနံ**
၁၂။ ၁၉:၄၀ ယှဉ်ပြိုင်နွဲပျော် အမျိုးသားအားကစားပွဲတော်
၁၃။ ညစ နာရီ သတင်း အပြီး တရားတော်
၁၄။ သင့်အတွက်မနက်ဖြန်

### MWD Variety Channel

၁။ ၀၉:၂၀ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၂။ ၁၀:၂၇ ရွှေသွေးတို့ပျော်စရာပုံပြင်ကမ္ဘာ
၃။ ၁၁:၄၃ စွမ်းအင်နှင့်ရေကိုအကျိုးရှိအောင်သုံးကြစို့
၄။ ၁၄:၁၅ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၆:၁၄ သုတေသနမှသည်...သမိုင်းမှတ်တိုင်ဆီသို့
၆။ ၂၁:၃၄ လောကကိုအလှဆင်ပန်းတို့ဥယျာဉ်

# တောင်ကြီးမြို့၌ ဒီဇင်ဘာအားကစားလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲ



**တောင်ကြီး ဒီဇင်ဘာ ၂၁**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(တတိယပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့တွင် စုရပ်နေရာယူပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ကတာလွှတ်ပေး၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးရှေ့ကွေ့၍ ရုံးကြီးလမ်းဟောင်းအတိုင်းလျှောက်ကာ ပြည်နယ်အားကစားကွင်း၌ ကိုယ်လက်လေ့ကျင့်ခန်းများဆောင်ရွက်ကြသည်။

ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများ၊ သူနာပြုသင်တန်းကျောင်းမှသင်တန်းသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအင်အား ၁၄၀၇၅ ခန့် ပါဝင်လမ်းလျှောက်ကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများ ဘင်ခရာတပ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်နေမှုနှင့် အလယ်တန်းအဆင့် ပန်းဖွားအက ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါလမ်းလျှောက်ပွဲသို့ တက်ရောက်လာကြသူများသည် ကြက်တောင်ရိုက်ကစားခြင်း၊ ဘော်လီဘောကစားခြင်း၊ ဘောလုံးကစားခြင်း၊ ခြင်းလုံးစုပေါင်းကစားခြင်းများဆောင်ရွက်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲကျင်းပ

**ထန်းတပင် ဒီဇင်ဘာ ၂၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက် ဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ကျင်းပသည်။

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်လာနိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ ပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ ပြိုင်ပွဲသို့ ဘာသာရပ်ပေါင်းစုံ ၁၄ ဌာနတို့မှ ဘောလုံးပြိုင်ပွဲဝင်အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကိုလည်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး၊ ဒုတိယပါမောက္ခချုပ်များနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ ကြက်တောင်ပြိုင်ပွဲကို ဒီဇင်ဘာလ ၁၈ ရက်မှ ၁၉ ရက်ကျင်းပခဲ့ပြီး ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာလ ၂၀ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**





**ပျောက်ဆုံးကြောင်း**
ရဲသီဟ(ဘ)ဦးစံငြိမ်း ၁၂/ထတပ(နိုင်)၀၇၇၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၅၂၅၇၇၉

**ပျောက်ဆုံးကြောင်း**
အိအိသက်(ဘ)ဦးလှငွေ ၁၄/မအပ(နိုင်)၂၈၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 414372)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၀၃၆၆

**ပျောက်ဆုံးကြောင်း**
စောအယ်မိုးပါထွန်း(ဘ)ဦးစောဝေဘဲလ်၁၀/သထန(နိုင်)၀၀၁၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

**ပျောက်ဆုံးကြောင်း**
မရိန်ဒိန်း(ဘ)ဦးရိန်ပွေး ၈/ဆမန(နိုင်)၀၅၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 701865)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၈၈၇၇၇၆

**ပျောက်ဆုံးကြောင်း**
မင်းအာကာမင်းခန့်(ဘ)ဦးဝင်းမောင် ၁၀/ခဆန(နိုင်)၁၇၁၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၀၄၇၆၉၉

**ပျောက်ဆုံးကြောင်း**
စည်သူဇော်(ဘ)ဦးသိန်းဇော် ၈/ပခက(နိုင်)၃၀၅၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၁၁၅၅၉၈၂

**ပျောက်ဆုံးကြောင်း**
အောင်အောင်ဦး(ဘ)ဦးမြင့်ဦး ၁၂/ဥကမ(နိုင်)၂၀၅၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၄၅၂၂၇

**ပျောက်ဆုံးကြောင်း**
မေဇင်ဦး(ဘ)ဦးချစ်စိန် ၁၄/မအပ(နိုင်)၁၅၆၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(882538)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၈၅၉၃၆

**ပျောက်ဆုံးကြောင်း**
မတိုင်ရဂဘီ(ဘ)ဟာဂျီဖျား ၁၀/ကမရ(နိုင်)၂၀၄၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၆၃၀၈၁

**ပျောက်ဆုံးကြောင်း**
မောင်သန်းစိုး(ဘ)ဦးတင်ရွှေ ၁၀/မဒန(နိုင်)၁၇၃၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၂၇၂၃၃၆

**ပျောက်ဆုံးကြောင်း**
သဇင်လှိုင်(ဘ)ဦးစိန်လှ ၁၄/ဇလန(နိုင်)၁၆၃၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဇော်ဝင်း(ဘ)ဦးတင်ဝင်း ၁၂/တမန(နိုင်)၁၁၃၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 263046)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၇၈၆၃၄၃

**ပျောက်ဆုံးကြောင်း**
ရင်ရင်အေး(ဘ)ဦးတင်ငွေ ၁၄/ကခန(နိုင်)၀၈၅၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 263928)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၉၂၁၅၉

**ပျောက်ဆုံးကြောင်း**
နွယ်နီလင်း(ဘ)ဦးခင်စိုး ၇/ပခန(နိုင်)၄၆၁၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 126934)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၈၉၆၁၁၆

**ပျောက်ဆုံးကြောင်း**
ရှန်ကျုံလျှန်(ဘ)ဦးဇော်လွင် ၄/ဟခန(နိုင်)၀၄၈၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ငြိမ်းချမ်းအောင်(ဘ)ဦးပေါ်ငွေး ၉/ကပတ(နိုင်)၂၄၄၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 976725)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၉၃၃၅၉၈

**“HEIN CHAN THAR COMPANY LIMITED”**
**ဖျက်သိမ်းရန်ကြော်ငြာချက်**

၁။ “HEIN CHAR THAR COMPANY LIMITED” ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၉)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန်ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | MYA MYA AYE |
| B.Com(AA);C.P.A(210) | MANAGING DIRECTOR |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | HEIN CHAN THAR CO.,LTD. |

**ပျောက်ဆုံးကြောင်း**
တိုက်ကြီးမြို့၊ အနော်ရထာရပ်ကွက်၊ အိုးဘိုတန်းလမ်းနေ မဇူးစန္ဒီထွန်း(ဘ)ဦးသန်းထွန်း ၁၂/တကန(နိုင်)၁၉၆၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 263527)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၈၂၃၉၁၄၅

**အများသိစေရန် အသိပေးကြေညာခြင်း**
မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်တွင် ဖွင့်လှစ်ထားသော ရွှေမြိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade(11)မှ မောင်မင်းခန့်ဖြိုး၏ဖခင်အမည်မှန်မှာ ၁၃/ကခန(နိုင်)၀၅၂၄၄၁ ကိုင်ဆောင်ထားသူ ဦးအောင်ဟိန်း(ခ)ဦးအောင်မြင့်မြတ်(ခ)ဦးလိကွယ်ရင်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အများသိစေရန် အသိပေးကြေညာခြင်း**
မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်တွင် ဖွင့်လှစ်ထားသော ရွှေမြိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade(8)မှ မနဒီလှိုင်၏ ဖခင်အမည်မှန်မှာ ၁၃/ကခန(နိုင်)၀၅၂၄၄၁ ကိုင်ဆောင်ထားသူ ဦးအောင်ဟိန်း(ခ)ဦးအောင်မြင့်မြတ်(ခ)ဦးလိကွယ်ရင်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**
နှင်းအိခိုင်(ဘ)ဦးမြလှိုင် ၁၂/ဥကမ(နိုင်)၁၉၅၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 125469)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၄၇၆၈၂

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**အများသိစေရန် အသိပေးကြေညာခြင်း**
မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်တွင် ဖွင့်လှစ်ထားသော ရွှေမြိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade(3) မှ မအေးရတုအောင်၏ဖခင်အမည်မှန်မှာ ၁၃/ကခန(နိုင်)၀၅၂၄၄၁ ကိုင်ဆောင်ထားသူ ဦးအောင်ဟိန်း(ခ)ဦးအောင်မြင့်မြတ်(ခ)ဦးလိကွယ်ရင်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အများသိစေရန် အသိပေးကြေညာခြင်း**
မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်တွင် ဖွင့်လှစ်ထားသော ရွှေမြိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ KG မှ မမိုးရတီ၏ဖခင်အမည်မှန်မှာ ၁၃/ကခန(နိုင်)၀၅၂၄၄၁ ကိုင်ဆောင်ထားသူ ဦးအောင်ဟိန်း(ခ)ဦးအောင်မြင့်မြတ်(ခ)ဦးလိကွယ်ရင်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**
ခင်ချိုဆက်(ဘ)အောင်ဇံဦး ၁၁/ပတန(နိုင်)၀၄၆၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၄၂၈၃၄

**ပျောက်ဆုံးကြောင်း**
သန်းသန်းငွေး(ဘ)အောင်သိန်း ၁၂/အစန(နိုင်)၀၂၃၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၁၃၄၆၂

**ပျောက်ဆုံးကြောင်း**
တင်ဝင်း(ဘ)ဦးမောင်ရွှေ ၁၂/ဥကမ(နိုင်)၁၅၁၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၀၁၇၉၁၉

**အမည်ပြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း(Grade-9)Orichid တွင်ပညာသင်ကြားနေသော အဘ ဦးဇေယျာလင်း ၁၄/သပန(နိုင်)၁၀၅၄၁၆ ၏သား မောင်လရောင်လင်းအား မောင်လင်းမြတ်ဟုပြောင်းလဲခေါ်ဆိုပါရန်။
မောင်လင်းမြတ်

**ပျောက်ဆုံးကြောင်း**
ဘုတလင်မြို့နယ်နေ သိန်းဇော်နိုင်(ဘ)ဦးဇော်ဝင်း ၅/ဘတလ(နိုင်)၀၉၉၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

**ပျောက်ဆုံးကြောင်း**
ဒီပဲယင်းမြို့နယ်နေ မောင်အောင်သူထက်(ဘ)ဦးကျော်လွင် ၅/ဒပယ(နိုင်)၁၂၆၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 844457)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

**ပျောက်ဆုံးကြောင်း**
ဘုတလင်မြို့နယ်နေ မသင်းကြူစန်း(ဘ)ဦးပေါ်ညွန့် ၅/ဘတလ(နိုင်)၁၁၈၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 957173)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

# ပရီးမီးယားလိဂ်ပွဲစဉ်(၁၇) စပိန်လာလီဂါပွဲစဉ်(၁၈)နှင့် အီတလီစီးရီးအေပွဲစဉ်(၁၇) ပွဲကြိုသုံးသပ်ချက်



## စပါး Vs လီဗာပူး

**ကစားမည့်ရက်/အချိန်**
**(၂၂-၁၂-၂၀၂၄ ည ၁၁:၀၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**လီဗာပူး ၄ - ၂ စပါး**
**စပါး ၂ - ၁ လီဗာပူး**
**လီဗာပူး ၄ - ၃ စပါး**

**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **စပါး** | **ဝေး(သရေ)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **လီဗာပူး** | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |

စပါးအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေပြန်လည်ကောင်းမွန်နေတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရသေးပါဘူး။ စပါးအသင်းခံစစ်ပိုင်းက အမှားအယွင်းတွေရှိနေလို့ လီဗာပူးအသင်းတိုက်စစ်ပိုင်းကိုတော့ ထိန်းချုပ်ရခက်ခဲမှာပါ။ စပါးအသင်းက ဒီဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပြီး ပရီးမီးယားလိဂ် အိမ်ကွင်းရှစ်ပွဲကစားပြီးချိန်မှာလည်း လေးပွဲသာအနိုင်ရရှိကာ တစ်ပွဲသရေရလဒ်နဲ့ သုံးပွဲအထိရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိပါဘူး။ စပါးအသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ ၁၆ ပွဲကစားပြီးချိန် ၃၇ ဂိုးသွင်းယူထားပြီး ချယ်လ်ဆီးအသင်းပြီးရင် တိုက်စစ်ပိုင်းအားအကောင်းဆုံးအသင်းဖြစ်နေပေမယ့် ခံစစ်ပိုင်းကတော့ ၁၇ ဂိုးပေးခဲ့ရလို့ လီဗာပူးအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲမှာပါ။ စပါးအသင်းခံစစ်ပိုင်းမှာ ဗန်ဒီဗန်၊ ရိုမဲရိုး၊ အူဒိုဂီစတဲ့ကစားသမားတွေဒဏ်ရာရရှိနေလို့ လိုအပ်ချက်တွေရှိနေပြီး ပေးဂိုးတွေများနေတာပါ။

လီဗာပူးအသင်းကတော့ အမှတ်ပေးဇယားအဆင့်(၂)နေရာက ချယ်လ်ဆီးအသင်းနဲ့ ရမှတ်နှစ်မှတ်သာကွာဟတော့ အခုပွဲစဉ်မှာ ခြေချော်ခဲ့မယ်ဆိုရင် အမှတ်ပေးဇယားထိပ်ဆုံးနေရာက ဖယ်ပေးရနိုင်တဲ့အခြေအနေကြောင့် အဝေးကွင်းဆိုပေမယ့် အမှားခံမှာမဟုတ်ပါဘူး။ လီဗာပူးအသင်းက နောက်ဆုံးကစားတဲ့ငါးပွဲမှာ နယူးကာဆယ်နဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်တွေမှာ ရမှတ်တွေဆုံးရှုံးခဲ့လို့ ချယ်လ်ဆီးအသင်းရဲ့ ဖိအားပေးခြင်းကို ခံလာရတာဖြစ်ပါတယ်။ ဒါပေမဲ့ လီဗာပူးအသင်းက ဒီဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင် ခုနစ်ပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိထားပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ကာ ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့လို့ လီဗာပူးအသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ကျေနပ်ဖို့ကောင်းနေပါတယ်။ လီဗာပူးအသင်းက ပရီးမီးယားလိဂ် ၁၅ ပွဲကစားပြီးချိန်မှာ နော်တင်ဟမ်အသင်းတစ်သင်းတည်းကိုသာရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေဆဲဖြစ်ပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ လီဗာပူးအသင်းက ၁၇ ကြိမ်အနိုင်ရရှိထားပါတယ်။ စပါးအသင်းက ခြောက်ကြိမ်အနိုင်ရရှိပြီး ရှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အဝေးကွင်းဆိုပေမယ့် တွေ့ဆုံမှုတိုင်းမှာ အသာစီးရရှိလေ့ရှိတဲ့ လီဗာပူးအသင်းကိုပဲ အားပေးသွားရမှာပါ။

ခန့်မှန်းရလဒ်- စပါး ၁ - ၃ လီဗာပူး

## ရီးယဲလ်မက်ဒရစ် Vs ဆီဗီလာ

**ကစားမည့်ရက်/အချိန်**
**(၂၂-၁၂-၂၀၂၄ ည ၉:၄၅ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**ရီးယဲလ်မက်ဒရစ် ၁ - ၀ ဆီဗီလာ**
**ဆီဗီလာ ၁ - ၁ ရီးယဲလ်မက်ဒရစ်**
**ဆီဗီလာ ၁ - ၂ ရီးယဲလ်မက်ဒရစ်**

**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ရီးယဲလ်မက်ဒရစ်** | **ဝေး(နိုင်)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |
| **ဆီဗီလာ** | **ဝေး(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ရီးယဲလ်မက်ဒရစ်အသင်းအတွက် အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ အဆင့်(၂)နေရာက အက်သလက်တီကိုအသင်းတို့နဲ့ ရမှတ်တစ်မှတ်သာကွာဟမှုရှိနေလို့ အိမ်ကွင်းပွဲစဉ်မှာ ရမှတ်ပြည့်ရရှိဖို့အမှားခံမှာမဟုတ်ပါဘူး။ ရီးယဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းကို ၂၀၁၈ ခုနှစ်က ရှုံးနိမ့်ပြီးနောက်ပိုင်း တစ်ပွဲမှရှုံးနိမ့်ခြင်းမရှိတော့ဘဲ တွေ့ဆုံမှုတိုင်း ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒီဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်းရဲ့အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ပြန်ကြည့်ရမယ်ဆိုရင် စပိန်လာလီဂါအိမ်ကွင်း ရှစ်ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲအနိုင်ရရှိထားပြီး တစ်ပွဲသာရှုံးနိမ့်ခဲ့လို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒ့ါပြင် ရီးယဲလ်မက်ဒရစ်အသင်း အိမ်ကွင်းတိုက်စစ်ပိုင်းကလည်း ရှစ်ပွဲမှာ သွင်းဂိုး ၂၀ ရရှိထားလို့ အိမ်ကွင်းတိုက်စစ်ပိုင်းအကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေပါတယ်။

ဆီဗီလာအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေပြန်လည်ကောင်းမွန်နေပြီး အက်သလက်တီကိုအသင်းတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့ပြီး သုံးပွဲနိုင်ပွဲပြန်လည်ရရှိခဲ့တယ်။ ဒါပေမဲ့ ဆီဗီလာအသင်းရဲ့ ဒီဘောလုံးရာသီ စပိန်လာလီဂါအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ရှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲတည်းသာအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့လေးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အတော်လေးဆိုးရွားနေတဲ့အတွက် အမ်ဘတ်ပီ၊ ရိုဒရီဂိုနဲ့ ဗင်နီစီးယက်စ်တို့ဦးဆောင်လာမယ့် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ကတော့ ခက်ခဲမှာပါ။ ဒ့ါပြင် ဆီဗီလာအသင်းက စပိန်လာလီဂါ ၁၇ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲသာအနိုင်ရရှိခဲ့ပြီး လေးပွဲသရေရလဒ်နဲ့ခုနစ်ပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းက ပုံမှန်အနေအထားမှာပဲရှိနေပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းက ၂၅ ကြိမ်အနိုင်ရရှိထားပါတယ်။ ဆီဗီလာအသင်းက ခြောက်ကြိမ်အနိုင်ရရှိထားလို့ ရီးယဲလ်မက်ဒရစ်အသင်းက အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာရော ခြေစွမ်းပိုင်းမှာပါ အသာစီးမှာရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။

ခန့်မှန်းရလဒ်- ရီးယဲလ်မက်ဒရစ် ၂ - ၁ ဆီဗီလာ

## အတ္တလန္တာ Vs အမ်ပိုလီ

**ကစားမည့်ရက်/အချိန်**
**(၂၂-၁၂-၂၀၂၄ ည ၁၁:၃၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**အတ္တလန္တာ ၂ - ၀ အမ်ပိုလီ**
**အမ်ပိုလီ ၀ - ၃ အတ္တလန္တာ**
**အတ္တလန္တာ ၂ - ၁ အမ်ပိုလီ**

**နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **အတ္တလန္တာ** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **အမ်ပိုလီ** | **ဝေး(သရေ)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |

ဒီဘောလုံးရာသီ အီတလီစီးရီးအေ ၁၆ ပွဲကစားပြီးချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အတ္တလန္တာအသင်းအတွက် ချန်ပီယံဆုမျှော်လင့်နိုင်တဲ့အထိရှိနေလို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ အတ္တလန္တာအသင်းက စီးရီးအေအိမ်ကွင်းခုနစ်ပွဲကစားပြီးချိန်မှာ ခြောက်ပွဲအနိုင်ရရှိခဲ့ကာ တစ်ပွဲသာရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒ့ါပြင် အတ္တလန္တာအသင်းအိမ်ကွင်းတိုက်စစ်ပိုင်းကလည်း ခုနစ်ပွဲကစားပြီးချိန်မှာ ၂၂ ဂိုးရရှိထားတဲ့အထိ ထက်မြက်မှုရှိနေပါတယ်။ အတ္တလန္တာအသင်းက အီတလီစီးရီးအေပြိုင်ပွဲမှာ ပြီးခဲ့တဲ့ စက်တင်ဘာလက ကိုမိုအသင်းကိုရှုံးနိမ့်ပြီး နောက်ပိုင်းပွဲစဉ်တွေမှာ တစ်ပွဲမှရှုံးနိမ့်ခြင်းမရှိသေးဘဲ ရလဒ်တွေဆက်တိုက်ကောင်းမွန်နေပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားတဲ့ အမ်ပိုလီအသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိလို့ အတ္တလန္တာအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက်တော့ ခက်ခဲနေမှာအမှန်ပါပဲ။ အမ်ပိုလီအသင်းရဲ့ အီတလီစီးရီးအေ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက ရှစ်ပွဲကစားပြီးချိန် သုံးပွဲအနိုင်ရရှိထားပြီး သုံးပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းက ပုံမှန်အနေအထားမှာပဲရှိနေပါတယ်။ လက်ရှိစွမ်းဆောင်ရည်ပိုင်းအရ ယှဉ်ကြည့်ရမယ်ဆိုရင်လည်း အမ်ပိုလီအသင်းအတွက် အဝေးကွင်းမှာ လွတ်မန်းဦးဆောင်လာမယ့် အတ္တလန္တာအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာအမှန်ပါပဲ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အတ္တလန္တာအသင်းက ရှစ်ကြိမ်အနိုင်ရရှိထားပါတယ်။ အမ်ပိုလီအသင်းက လေးကြိမ်အနိုင်ရရှိပြီး ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိစွမ်းဆောင်ရည်ပိုင်းအသာစီးမှာရှိနေတဲ့ အတ္တလန္တာအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်- အတ္တလန္တာ ၂ - ၀ အမ်ပိုလီ

## ပရီးမီးယားလိဂ်ပွဲစဉ်(၁၇)

အဲဗာတန် - **ချယ်လ်ဆီး**
**ဖူလ်ဟမ်** - ဆောက်သမ်တန်
**လက်စတာ** - ဝုဗ်
**မန်ယူ** - ဘုန်းမောက်

## စပိန်လာလီဂါပွဲစဉ်(၁၈)

**ဗလင်စီယာ** - အလာဗက်
လက်စ်ပါးမက်စ် - **အက်စ်ပန်ညို**
လီဂါနက်စ် - **ဗီလာရီးယဲလ်**
**ဘတ်တစ်** - ဗယ်လ်ကာနို

## အီတလီစီးရီးအေပွဲစဉ်(၁၇)

**ရိုးမား** - ပါးမား
**ဗင်နီဇီယာ** - ကက်ဂလီယာရီ
မွန်ဇာ - **ဂျူဗင်တပ်စ်**

**စည်သူအောင်**



# စံပြသီးနှံစိုက်ခင်းများဆောင်ရွက်ထားမှုအား ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

လွိုင်ကော်  ဒီဇင်ဘာ  ၂၁

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ စံပြစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် ခရစ်ယာန်ဘုရားကျောင်းများ၌ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်တွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာသီသီးနှံစံပြစိုက်ခင်း ၃ ဒသမ ၅ ဧကအား ဆိုလာရေတင်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလှိုင်နှင့် တာဝန်ရှိသူများက ဂေါ်ရခါး၊ ရွှေဖရုံ၊ မုန်ညင်း၊ ဆလတ်၊ ကြက်သွန်ဖြူ၊ ကြက်ဟင်းခါး၊ ကြက်သွန်မိတ်၊ ကန်စွန်း၊ သခွား၊ တိုင်ထောင်ပဲ၊ ငွေနှင်းမှိုစသည့်စားဖိုဆောင်သီးနှံများနှင့် မာလကာ၊ ကိုင်းဆက်သဘော်ပင်များ စိုက်ပျိုးထားမှုများအား လိုက်လံရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဆောင်းနေကြာ ရေဆင်း (၁) မျိုး စံပြစိုက်ခင်းသို့ရောက်ရှိကာ ပန်းတိုင်အထွက်နှုန်းရရှိစေရန်နှင့် အစေ့အဆန်အောင်မြင်စေရန်အတွက် ပျားများဖြင့် ဝတ်မှုန်ကူးခြင်း ဆောင်ရွက်စိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စံပြစိုက်ခင်းမှ သီးပင်စားပင်များနှင့် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး အလေးထားကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မကြာမီကျရောက်မည့် ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘာသာဝင်များအားလုံး သက်ဆိုင်ရာ ဘုရားကျောင်းများ၌ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းနိုင်ရန်အတွက် ဒေါ်ဥခူရပ်ကွက် နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင် ခရစ်ယာန်ဘာသာဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကုသိုလ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပဲခူးခရိုင်အတွင်း ကျေးလက်လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု

ပဲခူး  ဒီဇင်ဘာ  ၂၀

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှအင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ယမန်နေ့နံနက်ပိုင်းက ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်အတူ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့်ကဝမြို့နယ်တို့အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း/တံတားလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ရှေးဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်တာဝန်ရှိသူများသည် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဒိုက်ဦးမြို့နယ်ရှိ ဒိုက်ဦး-ဥသျှစ်ကုန်းလမ်း ကွန်ကရစ်ခင်းခြင်း၊ တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့်ဆောင်ရွက်သော လယ်ကြားမြောင်-စစ်မိုလ်ကြီးလမ်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့် အေးသုခရွာအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ပဲခူးမြို့နယ်ရှိ ဘုရားကြီး-သမန်းကုန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။


ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်အဖွဲ့သည် သနပ်ပင်မြို့နယ်သို့သွားရောက်ပြီး တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန် ပုံငွေဖြင့် ဆောင် ရွက် သော သနပ်ပင်-စွန်ပိလမ်းကျောက်ချောခင်းခြင်း၊ သနပ်ပင်-ကမာဖရုံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကဝမြို့နယ်ရှိ ခမဲပြင်-နိဗ္ဗာန်လမ်းကျောက်ချောခင်းခြင်းနှင့် ဖွဲ့ဘာရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**● ကျောဖုံးမှအဆက်**

မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၈၀၆၄၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၉၅၀၀၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sung Long Bus (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေး အဆန်ရထား၊ ပါဆယ်(၁) ရထားတွဲပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၁၇၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၉၂၆၄၉)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှ တောင်ငူမြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Mini Bus (၁)စီး၊ Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၄ ဒသမ ၃၂၇)တန်၊ သစ်မာ (သုညဒသမ ၃၈၄) တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၀၆၉၉၉၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၆၉၉၉၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ်၊ အမှတ်(၅) လမ်းမကြီးအနီး၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သန်လျင်မြို့နယ်၊ သီလဝါလမ်းနှင့် အမှတ် (၆) လမ်းထောင့်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၅၂၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Lite Ace မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၄၄၅၈၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့်နောက်တွဲယာဉ်(၁)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၅၈၂၀၃) ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၀၃၁၀၈၈)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၃၃၈၉၂၉၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၈၀၉၉၃၂)** ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ (သတင်းစဉ်)

# ဒီဇင်ဘာအားကစားလ(တတိယပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပါဝင်ဆင်နွှဲ



စစ်တွေ ဒီဇင်ဘာ ၂၁

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ်ဒီဇင်ဘာလအား လူထုအားကစားလအဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ Physical Fitness Dance များ စုပေါင်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မှ စစ်တွေမြို့ ဧည့ဝတီအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက စတင်ဖွင့်လှစ်ပေးပြီး လမ်းလျှောက်ပွဲကိုပါဝင်ဆင်နွှဲကြသည်။

ရခိုင်ပြည်နယ် ဒီဇင်ဘာအားကစားလ(တတိယပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့စုရပ်မှစတင်ကာ မေယုလမ်းတစ်လျှောက် ထိုမှတစ်ဆင့် သတ္တဋ္ဌာနလမ်းမှ စစ်တွေမြို့ ဧည့ဝတီအားကစားကွင်းသို့စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်း ပွဲကြည့်စင်ရှေ့၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ်များကို ပြုလုပ်ခဲ့ကြသည်။

ယနေ့ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်းသတင်းရရှိသည်။

**တင်ထွန်း( ပြန်/ဆက်)**

## (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများကျင်းပ

မြဝတီ ဒီဇင်ဘာ ၂၁

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီမြို့ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်း၏အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီတွင် ပညာရွှေဖူး ဖူဆယ်ကွင်း၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မြဝတီခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးနိုင်မိုးကို၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစံဝင်းကြည်၊ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်းတည်ထောင်သူ ဦးသန်းရွှေနှင့် ကျောင်းအကျိုးတော်ဆောင်တို့က အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ မြဝတီခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်ပြိုင်ပွဲတွင်စတင်ယှဉ်ပြိုင်မည့် အနော်ရထာအသင်း(က)နှင့် ဘုရင့်နောင်အသင်း(က)တို့က ကွင်းအတွင်းနေရာယူပြီး မြို့နယ်ပညာရေးမှူး ဦးမိုးကျော်ကဘောလုံးစတင်ကန်သွင်းခြင်းဖြင့်ပြိုင်ပွဲကိုစတင်သည်။

ကျန်ရှိသည့် ပွဲစဉ်အုပ်စုနှင့် ကြက်တောင်ရိုက်၊ ပြေးခုန်ပစ်အားကစားနည်းများကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်တွင် ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# မန်စီးတီးအသင်း အက်စ်တွန်ဗီလာအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး နိုင်ပွဲဆက်လက်ပျောက်ဆုံး



လန်ဒန် ဒီဇင်ဘာ ၂၁

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် အက်စ်တွန်ဗီလာအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် မန်စီးတီးအသင်းအနေဖြင့် အဝေးကွင်းတွင် ၂ ဂိုး ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နိုင်ပွဲဆက်လက်ပျောက်ဆုံးလျက်ရှိနေကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းအနေဖြင့် အဓိက ကစားသမားအများစုဒဏ်ရာကြောင့်လွဲချော်ခဲ့သကဲ့သို့ အဓိကဂိုးသမား အီဒါဆန်လည်းလွဲချော်ခဲ့ရပြီး အဝေးကွင်းတွင်ရုန်းကန်ခဲ့ရကာ ပွဲချိန် ၁၆ မိနစ်တွင် ဒူရမ်က အက်စ်တွန်ဗီလာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် အက်စ်တွန်ဗီလာအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အက်စ်တွန်ဗီလာအသင်းက အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည့်အတွက် မန်စီးတီးအသင်းခက်ခဲခဲ့ပြီး ပွဲချိန် ၆၅ မိနစ်တွင် လူငယ်ကစားသမား ရော်ဂျာက အက်စ်တွန်ဗီလာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန်နှောင်းပိုင်းတွင် မန်စီးတီးအသင်းက လူစားလဲမှုများဖြင့်တိုက်စစ်မြှင့်ကစားခဲ့ရာမှ ပွဲချိန် ၉၃ မိနစ်တွင် ဖိုဒန်က ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အက်စ်တွန်ဗီလာအသင်းက အိမ်ကွင်းတွင် မန်စီးတီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အဓိက ကစားသမားအများစုဒဏ်ရာရရှိနေမှုကြောင့် ရလဒ်ပိုင်းများလည်း ဆက်တိုက်ဆိုးရွားနေပြီး ပြိုင်ပွဲစုံနောက်ဆုံးကစားခဲ့သည့် ၁၂ ပွဲတွင် နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး ကိုးပွဲထိရှုံးနိမ့်ခဲ့ကာ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နည်းပြ ဂွါဒီယိုလာအတွက် ဖိအားများနှင့်ဆက်လက်ရင်ဆိုင်နေရကြောင်း သိရသည်။

**စည်သူအောင်**

# AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဗီယက်နမ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီး မြန်မာအသင်း အုပ်စုအဆင့်မှထွက်ခွာခဲ့ရ

ရန်ကုန် ဒီဇင်ဘာ ၂၁

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စု(B) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက ဗီယက်နမ်အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းအနေဖြင့် အဓိကကွင်းလယ်ကစားသမား မောင်မောင်လွင် ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်လာခြင်းမရှိခဲ့သော်လည်း ကျန်အဓိကကစားသမားများအားလုံး ပါဝင်ခဲ့ပြီး ဗီယက်နမ်အသင်းကိုရင်ဆိုင်ခဲ့ကာ ပွဲချိန် ပထမပိုင်းတွင် အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အိမ်ရှင်ဗီယက်နမ်အသင်းက ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားခဲ့မှုကြောင့် မြန်မာအသင်းခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၄၈ မိနစ်တွင် Vi Hao Bui ကလည်းကောင်း၊ ပွဲချိန် ၅၅ မိနစ်နှင့် မိနစ် ၉၀ တွင် Rafaelson ကလည်းကောင်း၊ ပွဲချိန် ၇၄ မိနစ်တွင် Quang Hai Nguyen ကလည်းကောင်း၊ ပွဲချိန် ၉၂ မိနစ်တွင် Nguyen Tien Linh ကလည်းကောင်း ဗီယက်နမ်အသင်းအတွက် ဦးဆောင်ဂိုးများအသီးသီးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အိမ်ရှင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အုပ်စုပွဲစဉ် လေးပွဲကစားခဲ့ရာ လာအိုအသင်းကို ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဖိလစ်ပိုင်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်နှင့် အင်ဒိုနီးရှားအသင်းကို ၁ ဂိုး ဂိုးမရှိနှင့် ဗီယက်နမ်အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှထွက်ခွာခဲ့ရကာ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်းသိရသည်။

**စည်သူအောင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
INNWA BANK
MYANMAR ECONOMIC CORPORATION
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၄၇၅၁၊ ၀၆၇ ၃၄၃၄၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်၊


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/၈၀၀
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


LPM
LANN PYI MARINE
COMPANY LIMITED
AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ **“ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ် . . .**

❖ **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်(၂)ခုလုံးကို တန်ဖိုးထားလေ့လာကြရန်တိုက်တွန်းလို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## (၂၁-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၂၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နိုင်ငံတကာရေးရာ

**ခြိထဲကနေလွှတ်ပြီထင်ပြီး ဝံပုလွေတွေရဲ့ရန်ကိုမမြင်ရှာတဲ့ သိုးငယ်များ** စာ - ၂၂ သို့

**မလေးရှားက ပျောက်ဆုံး MH370 လေယာဉ်ကို ထပ်မံရှာဖွေမည်** စာ - ၂၃ သို့

**ဂျာမနီ၌ ခရစ္စမတ်ဈေးပွဲတော်တစ်ခုကို ကားတစ်စီးဝင်တိုက်လူငါးဦးသေဆုံးပြီး ၂၀၀ ကျော်ဒဏ်ရာရ** စာ - ၂၃ သို့

---

5th AVF ASIAN Vovinam Championships 2024

## ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဗိုဗီနမ်အသင်း ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၃ ခုနှင့် ကြေးတံဆိပ် ၆ ခု ဆွတ်ခူးရရှိ




နေပြည်တော်  ဒီဇင်ဘာ  ၂၁

5th AVF ASIAN Vovinam Championships 2024 ပြိုင်ပွဲကို အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ဒီဇင်ဘာလ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ဗိုဗီနမ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁** ❑

---

### အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၁၇) ဘောလုံးပွဲရလဒ်များ

| | | |
|---|---|---|
| ဗီလာ | ၂ - ၁ | မန်စီးတီး |
| ဘရန့်ဖို့ | ၀ - ၂ | နော်တင်ဟမ် |
| အစ်ဆွစ် | ၀ - ၄ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၁ - ၁ | ဘရိုက်တန် |

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော်  ဒီဇင်ဘာ  ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဒီဇင်ဘာလ ၂၀ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ **စာမျက်နှာ ၂၉ ကော်လံ ၁** ●




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

